www.burmeseclassic.com



# မိုးဓားကိုင်

ဘောစိအော်ပရေးရှင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

## သောစိအော်ပရေးရှင်း

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ) အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်) အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - မြည့်မြီး |
| အတွင်းဖလင် | - ကိုပေါက် |
| စာအုပ်ချုပ် | - ကိုစိုးနိုင်နှင့်အဖွဲ့ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ်၊ ၂၀၁၂ ဒီဇင်ဘာလ။ |
| အုပ်ရေ / တန်ဖိုး | - ၅၀၀ အုပ် / ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ခုနစ်စဉ်ကြယ်စာပေ<br>အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈ |

၈၉၅ .၈၃

မိုးစက်ဝိုင်

သောစိအော်ပရေးရှင်း / မိုးစက်ဝိုင် ။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။

၁၂၈ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) သောစိအော်ပရေးရှင်း


www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မိုးဓါဝိုင်

## ဘောစိအော်ပရေးရှင်း

www.burmeseclassic.com

www.burmeseclassic.com

ရေးသားခဲ့ဖူးတဲ့ ဝတ္ထုတွေနဲ့

ဇာတ်လမ်းဇာတ်ကွက်ရော

တင်ပြပုံပါ ကွဲလွဲနေနိုင်ပါတယ်။

ဒါပေမဲ့ ... အရသာအသစ်တစ်ခု

ပေးနိုင်မယ် ထင်လို့ပါ။

တာဝန်မကျေဘူးလို့ ထင်မိရင်

ပရိသတ်ကြီးကို ...Sorry။

ကျေနပ်နိုင်ကြတယ်ဆိုရင်တော့ Thank you ... all ။

www.burmeseclassic.com

www.burmeseclassic.com

## Sence-1

"တိုးမောင်"

"……."

"တိုးမောင်……"

"…………….."

"တိုးမောင်……………"

"…………………….."

"တိုးမောင်!"

"ဗျာ"

"ဟော့ကောင် … ဗျာကိုထားခဲ့ပြီး ခုချက်ချင်း ငါ့ရုံးခန်းထဲကို သွားခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ"

"တိုးမောင် ... မင်းနာမည်ကို ခေါ်နေတာ ဘယ်နှခွန်းလောက် ရှိပြီထင်လဲ"

"အဲဒါတော့ တိတိကျကျ မမှတ်မိဘူး ဆရာ၊ ဘယ်နှခါလောက် ရှိပြီလဲဟင်"

"လေးခါကွ၊ လေးခါ၊ အာ ... ဒီကောင်တော့ နာတော့မှာပဲ၊ ဟေ့ကောင် ... အပိုတွေပြောမနေနဲ့၊ ခု ဘယ်အချိန်ရှိပြီလဲ"

"ဗျာ ... ဆရာ့မှာ နာရီပါမလာလို့လား၊ အချိန်သိချင်တာပဲ ဆရာရယ် ... ကျွန်တော့်ကို တကူးတကများ ခေါ်မေးရတယ်လို့"

"တိတ်စမ်း၊ အချိန်သိချင်လို့ မဟုတ်ဘူးကွ၊ မင်းကို မေးနေတာက မင်း ဒီနေ့ ရုံးရောက်တာ ဘယ်နှနာရီလဲ"

"ကိုး ... ကိုးနာရီပါ ဆရာ"

"ဘာကွ ... ကိုးနာရီဟုတ်လား၊ ဟေ့ကောင် ... တောမှာ သွားပြော၊ မင်းရုံးရောက်တာ ကိုးနာရီနဲ့ သုံးမိနစ် ရှိပြီ"

"ဗျာ"

"မငြင်းနဲ့၊ ဒီနေ့မှ နောက်ကျတာ မဟုတ်ဘူး၊ လဆန်းလေးရက်နေ့တုန်းကလည်း နှစ်မိနစ် နောက်ကျတယ်၊ ဆယ်ငါးရက်နေ့ကလည်း တစ်မိနစ်၊ ကဲ ... ခုလည်း သုံးမိနစ်ဆိုတော့ လတောင်မကုန်သေးဘူး ဒီလထဲ မင်းနောက်ကျတာ စုစုပေါင်း ခြောက်မိနစ် ရှိနေပြီကွ"

"ဒါကတော့ ဆရာရယ် ... လမ်းမှာ ကားတွေပိတ်နေတာကိုး ဆရာသိတဲ့အတိုင်းပဲလေ၊ လမ်းတွေက ကောင်းကောင်းမပြုပြင်ရသေးဘူး





ထဲ့တားတွေကလည်း ဆောက်နေတုန်း၊ ဒီကြားထဲ ကားတင်သွင်းခွင့်တွေ အလဟောပေးလိုက်တော့ ကားတွေက အော်တိုကျပ်ပြီး လမ်းတွေလည်း ပိတ်ကုန်ရောပေါ့၊ ဒါတောင် ..."

"တိတ်စမ်း တိုးမောင် ... မင်း ငါ့ကို လာပြီး မိကျောင်းမင်း အခြောင်းမပြနဲ့"

"မှားနေတယ် ဆရာ၊ စကားပုံအမှန်က မိကျောင်းမင်း ရေကင်း ပြပါ၊ နောက်ပြီး မိကျောင်းမင်း ရေကူးသင်၊ မိကျောင်းမှန်းမသိ ထင်းတုံး မှန်းမသိဆိုတဲ့ စကားပုံတွေလည်း ရှိသေးတယ်"

"တော်စမ်းကွာ ... မင်းနဲ့ စကားပြောရတာ မောတယ်၊ ခဏလေး ဒေါ်မိန်းမဆီကို ဖုန်းခဏခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

"အသည်းလေးလား ... ကိုကြီးပါ၊ အိပ်ရာက နိုးပြီလား၊ မျက်နှာ သစ်ပြီးရင် ကိုကြီးပြင်ပေးခဲ့တဲ့ မနက်စာကို စားဦးနော်၊ ပြီးရင် ... တား တား ... အဲ အားဆေးလည်း သောက်ဖို့မမေ့နဲ့ဦး၊ ကိုကြီး ညနေ စောစော ပြန်ခဲ့မယ် သိလား"

"................................"

"ဒီမှာ တိုးမောင် ... ငါ့နာမည်က ဘာလဲ"

"စိုး ... စိုးအောင်ပါ ဆရာ"

"အေး ... ဟုတ်ပြီ၊ စိုးအောင်ဆိုတဲ့ ငါက ဘာလဲ"

"ဟို ... အသက် ... အသက်ကြီးမှ မိန်းမငယ်ငယ်လေးကို ယူထားတဲ့ ဘီးကျဲကြီးလို့ သတင်းကြားတာပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ အမှန်ပဲ၊ ဘာကွ . . . ဟော့ကောင် ငါမေးနေတာ အဲဒါ မဟုတ်ဘူး။ စိုးအောင်ဆိုတဲ့ငါက ဒီကုမ္ပဏီမှာ ဘာလဲလို့ မေးနေတာ''

''ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာ၊ စိုးအောင်ဆိုတဲ့ ဆရာက ဒီကုမ္ပဏီမှာ အကြီးဆုံးမန်နေဂျာပါ၊ ကုမ္ပဏီပိုင်ရှင်သူဌေး ဦးနေစေးကိုယ်တိုင်က ဆရာ့ကို ကုမ္ပဏီမှာ လုပ်ပိုင်ခွင့်တွေ လွှဲပေးထားတာပါ''

''ကောင်းပြီ . . . ဒါတော့ မင်းသိသားပဲ၊ ခု ကုမ္ပဏီမှာ ဘယ်ရာထူး နေရာ လစ်လပ်နေလဲ''

''လက် . . . လက်ထောက်မန်နေဂျာရာထူးပါ''

''အမှန်ပဲ၊ အဲဒီရာထူးနေရာအတွက် ငါ မင်းကို ယာယီစဉ်းစား ထားတယ်ဆိုတာရော သိလား''

''ရိပ်တော့ ရိပ်မိပါတယ် ဆရာ''

''ဒါဆိုလည်း တိုးမောင်ရာ . . . မင်း အဲဒီရာထူးအတွက် စဉ်းစား နေတယ်ဆိုရင် ကုမ္ပဏီစည်းကမ်းတွေကိုတော့ တိတိကျကျလိုက်နာမှပေါ့ကွ၊ လက်ထောက်မန်နေဂျာလုပ်မယ့်ကောင်က ရုံးနောက်ကျတယ်ဆိုရင် ကောင်းမလား''

''ဟုတ်ကဲ့ပါ ဆရာ၊ နောက်ကို ကျွန်တော် ဆင်ခြင်ပါ့မယ်''

''မင်းတို့ကောင်တွေက ပြောလိုက်ရင် ဆင်ခြေ၊ ဆင်လက်၊ ဆင် နားရွက်တွေချည်းပဲ၊ ခဏနေဦး ငါ့မိန်းမဆီ ဖုန်းခေါ်လိုက်ဦးမယ်''

''ဟာ''

''အသည်းလေးလား၊ ကိုကြီး မှာစရာရှိတာ မေ့သွားလို့၊ အိမ်မှာပဲ နေနော်၊ ဘယ်မှလျှောက်မသွားနဲ့၊ ပျင်းရင် အခွေကြည့်နေပေါ့၊ တီဗွီရှေ့





မှာ ကိုကြီး အမေရိကန် အချစ်ကားလေးတွေ ထားခဲ့တယ်၊ ဒါပဲနော် အသည်းလေး၊ ကိုကြီး စောစောပြန်ခဲ့မယ်''

''ဆရာ''

''ဘာလဲကွ''

''ဟိုလေ . . . ကျွန်တော် ပြန်လို့ရပြီလားလို့''

''ဟော့ကောင် . . . မင်းကို ငါ ပြန်တော့လို့ ပြောပြီလား''

''မ . . . မပြောသေးပါဘူး ဆရာ''

''အေး . . . ခု ပြောပြီ၊ မင်း ပြန်ပြီး လုပ်စရာရှိတာကိုလုပ်တော့၊ နောက်နေ့ ရုံးကို သူများထက် စောစောလာ၊ နောက်ကျပြီးမှပြန် ဒါပဲ''

''ဟုတ်ကဲ့ပါ ဆရာ''

''ဒါဆိုလည်း သွားတော့''

''ဟူး''

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-2

"မမ ဒေစီ . . . ဒီမှာ ဆိုင်ကို အသစ်ရောက်တဲ့ ဖျော်ဖြေသူစာရင်းတွေ ခင်ဗျ"

"အေးဟုတ်ပြီ . . . အဲဒါကို ထားဦး၊ ကျော်ဇင် မောင်လေး မင်း မနက်စာ စားပြီးပြီလား"

"စား . . . စားခဲ့ပါပြီ မမဒေစီ၊ ဆိုင်ကိုအလာမှာ ကျွန်တော့်ကောင်မ လေးနဲ့ အတူတူစား . . . စား"

"တော်စမ်း . . . ငါ့ဆိုင်မှာ မင်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေ လာမပြောနဲ့၊ မင်းဟာမင်း ဘယ်သူနဲ့ စားစား ငါ အသိအမှတ်မပြုနိုင်ဘူး၊ ဒီတော့ ငါ့ရှေ့မှာ ထိုင်လိုက်၊ ငါ မင်းအတွက် မနက်စာ ပို့လုပ်လာတယ်၊ စားကို စားရမယ် . . . ဟုတ်ပြီလား"





"ဟုတ်ကဲ့ပါ မမဒေစီ"

"မောင်လေးကျော်ဇင် . . . မမဟာက စားလို့ ကောင်းလားဟင်"

"ဗျာ"

"ဩော် . . . မမလုပ်လာတဲ့ မနက်စာက စားလို့ကောင်းရဲ့လား

ဆို့ ဘာတွေလျှောက်တွေးနေမှန်း မသိဘူး၊ လူဆိုး"

"ဗျာ! . . . ဟုတ် . . . ဟုတ်ကဲ့၊ စားလို့ကောင်းပါတယ်"

"ဒါနဲ့ မောင်လေး . . . ဒီနေ့ မမဝတ်လာတာ လှရဲ့လားဟင်"

"မဆိုးပါဘူး"

"ဘာကွဲ့"

"ဆောရီး . . . ဆောရီး၊ မမဝတ်လာတာ လှပါတယ်၊ မမက အာဝတ်ဝတ် လှပြီးသားပါ"

"အဟင်း . . . မောင်လေးကတော့ ပြောတော့မယ်၊ ကျော်ဇင် မောင်လေး . . . ဒီဆိုင်မှာ မမအပြင် ဝန်ထမ်းဘယ်နှယောက်ရှိလဲ"

"အားလုံးပေါင်းမှ ကျွန်တော် တစ်ယောက်တည်းပါ မမ"

"ဟုတ်ပြီ၊ မောင်လေးတစ်ယောက်တည်းဆိုပေမယ့် ဝန်ထမ်းသုံး ယောက်စာလောက် လစာကို မမ ပေးထားတယ်နော်"

"ဟုတ်ပါတယ် မမ၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

"ဒါဆိုလည်း အဲဒီအတွက် ကျေးဇူးပြန်ဆပ်ဖို့ စဉ်းစားထား"

"ခင်ညာ"

"ဩော် . . . မမ ငြိုငြင်စေမယ့်၊ စိတ်ခုစေမယ့် စကားတွေ၊ အပြောအဆို၊ အနေအထိုင်တွေ မလုပ်နဲ့လို့ ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



''နားလည်ပါပြီ မမဒေဝီ''

''ဒါနဲ့ . . . ဒီညနေ မောင်လေး ဘယ်သွားဖို့ ရှိသေးလဲ''

''ဟိုလေ မမ . . . ကျွန်တော့်ကောင်မလေးနဲ့''

''တော်စမ်း၊ မင်းကို ခုနကပဲ ပြောထားတယ်၊ မမ ငြိုငြင်စေမယ့် စကားမျိုး မပြောပါနဲ့လို့''

''ဟို . . . ဟို''

''ဘာမှထပ်ရှင်းပြမနေနဲ့၊ ဒီညနေ ဆိုင်ပိတ်ရင် မမနဲ့မောင်လေး အင်းယားသွားပြီး ဘူးသီးကြော် သွားစားရအောင်၊ လေညင်းလည်း ခံရင်းပေါ့၊ ငြင်းဖို့ မကြိုးစားနဲ့နော်၊ ဒီခေတ်မှာ အလုပ်အကိုင်ရှာရတာ ခက်တယ် ဆိုတာ မမေ့နဲ့''

''ဟုတ် . . . ဟုတ်ကဲ့ပါ မမဒေဝီ၊ ညနေကျရင် သွားတာပေါ့''

''ဒါမှ မမရဲ့မောင်လေးကွ၊ ကဲ . . . လုပ်စရာရှိတာလုပ်ထားနှင့်၊ မမ ပြူတီဆလွန်းကို ခဏသွားလိုက်ဦးမယ်''

''ဟုတ်''

■



## Sence-3

''ခင်ဗျားနာမည်က ထူးမော်နော်''

''ဟုတ်ပါတယ်''

''ဒါနဲ့ . . . ခင်ဗျား ကျွန်တော့်အဖေရဲ့ ဒီလုပ်ငန်းမှာ ခေါင်းဆောင် အနေနဲ့ လုပ်လာတာ ဘယ်လောက်ကြာပြီလဲ''

''ခြောက်နှစ်ကျော်ပါပြီ''

''ဟုတ်ပြီ၊ ခင်ဗျားမှာ ဒီလုပ်ငန်းတစ်ခုလုံးကို ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာ ကျုပ် သိထားတယ်၊ ဒီတော့ . . . ကျုပ်အဖေ ရှိတုန်းကလိုပဲ လုပ်ငန်းကို ဦးဆောင်ပေးပါ''

''ဟုတ်ကဲ့ပါ''

''ဒါနဲ့ . . . ကျုပ် ဘယ်သူလဲဆိုတာတော့ ခင်ဗျား သိမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



“မကြာသေးခင်ကမှ ဆုံးပါးသွားတဲ့ သူဌေးဦးဘတူရဲ့ တစ်ဦးတည်းသောသား ကိုမင်းနိုင်လို့ သိထားပါတယ်”

“အမှန်ပဲ ကိုထူးမော်၊ အဖေဆုံးသွားတော့ ဒီလုပ်ငန်းကို ကျုပ်အမွေရလိုက်တယ်၊ ဒီတော့ ပိုင်ရှင်အသစ်က ကျုပ်ပဲ၊ ဒါပေမဲ့ တစ်ခုရှိတာက ကျုပ် ဒီလုပ်ငန်းကို နားလည်းမလည်ဘူး၊ စိတ်လည်း သိပ်မဝင်စားဘူး၊ ဒါကြောင့် . . . ခင်ဗျားကပဲ ဦးစီးပြီး ဆက်လုပ်ပါ၊ ကျုပ် ရုံးထိုင်ချင်တဲ့အခါမှ ထိုင်မယ်၊ ကဲ . . . တစ်လတစ်ကြိမ် အမြတ်ငွေနဲ့ စာရင်းကိုတော့ ကျုပ်ဆီကို မှန်မှန်ပို့ပေါ့”

“ဟုတ်ကဲ့ . . . ကိုမင်းနိုင်ပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်၊ ဒါနဲ့ . . . သူဌေး ရှိနေတုန်းက ကိုမင်းနိုင် ဒီကို တစ်ခါမှမလာဖူးဘူးနော်၊ ဘာဖြစ်လို့လဲ”

“အထဲရောက်နေလို့၊ အဲလေ . . . အဲဒါ ခင်ဗျားကိစ္စ မဟုတ်ပါဘူး၊ ကိုယ့်ကိစ္စပဲ ကိုယ်လုပ်ပါ၊ ဒါနဲ့ . . . ဒီလုပ်ငန်းထဲမှာ လိုအပ်တဲ့ပြောင်းလဲမှုလေးတွေကိုတော့ ကျုပ် လုပ်ချင်တယ်”

“ဘာ . . . ဘာများလဲ ခင်ဗျ”

“ဩော် . . . အလုပ်ထဲမှာ ငယ်ငယ်ချောချော ကောင်မလေးတွေ ထပ်ပြီးခန့်မယ်၊ ပြီး . . . ကျုပ်အတွက်လည်း အတွင်းရေးမှူးကောင်မလေး တစ်ယောက် ခန့်ရမယ်”

“ဗျာ”

“ဟုတ်ကဲ့ . . . ကိုမင်းနိုင် စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်”

“ခင် . . . ခင်ဗျားကတော့ အားကိုးရမှာပါ ကိုထူးမော်၊ ကဲ . . .





ကျုပ် ရေငတ်လို့ အပြင်သွားပြီး ဘီယာသောက်လိုက်ဦးမယ်”

“ဟုတ်ကဲ့”

“ကဲ . . . ဝန်ထမ်းတွေအားလုံးပဲ ကြားတယ်နော်၊ ငါတို့သူဌေးအသစ်က နှာဘူးလား, ငမူးလားတော့ မသိဘူး၊ အားလုံးပဲ သတိထားနေကြ”

“ဟုတ်ကဲ့ပါ . . . ကိုထူးမော်”

“ဟူး . . . ရှေ့လျှောက် လွယ်မှာမဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

## Sence-4

"ကဲ ... ဝန်ထမ်းတွေအားလုံး ... ဒီနေ့ဟာ လကုန်ရက်ဖြစ်သလို၊ လက်ထောက်မန်နေဂျာရာထူးအတွက် ခန့်အပ်မယ့်နေ့လည်း ဖြစ်တယ်၊ ဒီတော့ ခင်ဗျားတို့တွေထဲက ဘယ်သူ့ကို ရွေးမယ်လို့ ထင်ထားလဲ"

"ကိုတိုးမောင်ပါ"

"ဟင်း ဟင်း ... ကျုပ်လည်း အဲလိုပဲ စဉ်းစားထားပါတယ်၊ အဲဒီရာထူးနေရာခန့်အပ်ဖို့ကိုလည်း သူဌေးဦးနေစေးက ကျုပ်ကို အာဏာကုန် လွှဲပြီးသားပဲလေ၊ ဒါပေမဲ့ ... ကျုပ် အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားကြည့်တယ်"

"တီနောင် ... တီနောင် ... တီနောင်"

"ခဏလေး ဖုန်းဝင်လာလို့ ဩော် ... အသည်းလေးလား၊ ပြော





ဘာမှစာမလို့လဲ၊ ဘယ်လို ... ရှော့ပင်းထွက်ချင်လို့ ဟုတ်လား အာ ... သည်းလေးတစ်ယောက်တည်း မသွားရပါဘူး၊ ကိုကြီး ခဏနေ ပြန်လာပြီး လိုက်ပို့မယ်၊ အိမ်မှာပဲ စောင့်နေ ... ဒါပဲနော်၊ အာဘွား"

"................................"

"ကဲ ... ခုနကစကားက ဘယ်ရောက်သွားပြီလဲ"

"အာဘွားမှာ ဆုံးသွားတာပါ ဆရာ"

"ဘာကွ"

"ဟား ဟား ဟား ဟား"

"တိတ်စမ်း ... ရယ်မနေကြနဲ့၊ တိုးမောင် ... မင်း အဲလိုဝင်ဝင်ပြောတာ ငါ မကြိုက်ဆုံးပဲ"

"ဆောရီးပါ ဆရာ၊ ခုနက ကျွန်တော့်ကို လက်ထောက်မန်နေဂျာရာထူးအတွက် စဉ်းစားနေတဲ့နေရာမှာ စကားပြတ်သွားတာခင်ဗျ"

"ကောင်းပြီ ... ဒီတော့ ဆက်ပြောမယ်၊ တိုးမောင်ကို ကျုပ်စဉ်းစားကြည့်တော့ တိုးမောင်ဟာ အလုပ်လုပ်တဲ့နေရာမှာ တော်ပါတယ်၊ ဒါပေမဲ့ ... ဒီကောင်က အလုပ် ခဏခဏနောက်ကျတယ်၊ ပြီးတော့ ... စည်းကမ်းတွေကိုလည်း မလိုက်နာဘူး၊ ဆင်ခြေပေးတာလည်း အမြဲ အဆိုးဆုံးက မဆိုင်တဲ့စကားကို ဝင်ဝင်ပြောတတ်တာပဲ၊ ဒီတော့ကာ လက်ထောက်မန်နေဂျာရာထူးအတွက် တိုးမောင်ဟာ အရည်အချင်းမမီဘူးလို့ ကျုပ် သုံးသပ်မိတယ်"

"ဟာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း မအံ့သြကြပါနဲ့၊ လက်ထောက်မန်နေဂျာရာထူးအတွက် ကျုပ် စဉ်းစားထားတဲ့လူ ရှိပါတယ်"

"ဟင်"

"ဘယ် . . . ဘယ်သူများပါလဲ ဆရာ"

"အဲဒီလူကတော့ . . . ဟဲ ဟဲ . . . ကျုပ်ကိုယ်တိုင်ပါပဲ၊ ဒီတော့ စိုးအောင်ဆိုတဲ့ ကျုပ်ဟာ ဒီနေ့ကစပြီး မန်နေဂျာရော, လက်ထောက်မန်နေဂျာ ရာထူးကိုပါ တရားဝင် ယူလိုက်ပါပြီ"

"ဟာ"

"အားလုံးပဲ ကျေနပ်ကြမယ်လို့ ထင်ပါတယ်၊ ကဲ . . . ပြန်နိုင်ကြပါပြီ၊ ကျုပ်လည်း အသည်းလေး . . . အဲ . . . ကျုပ်မိန်းမကို ရှော့ပင်းလိုက်ပို့ဖို့ သွားလိုက်ပါဦးမယ်"

●

"စိတ်မကောင်းပါဘူး ကိုတိုးမောင်၊ ဒီရာထူးကို ခင်ဗျားပဲ ရမယ်လို့ ထင်ထားတာဗျ"

"ကိစ္စမရှိပါဘူးဗျာ"

"ကိုတိုးမောင် . . . အရမ်း စိတ်မကောင်းဖြစ်နေလားဟင်"

"ရပါတယ်ဗျာ၊ ဦးစိုးအောင် ဆုံးဖြတ်တဲ့အတိုင်းပေါ့"

"ဦးစိုးအောင်က လစာနှစ်ခုလိုချင်လို့ ဒီခွင်ကို ဖန်တာပဲဖြစ်မယ်"





"ပြောတတ်ပါဘူးဗျာ၊ သူ့ဌေးဦးနေစေးကလည်း သူ့ကို အာဏာအပ်လွှဲထားတာကိုး"

"အင်း . . . ဦးစိုးအောင်တော့ သူ့မယားလေးအတွက် စားရိတ်ပိုသွားတာပေါ့"

"ဟုတ်မှာပေါ့ဗျာ"

●

"တောက်! . . . ဦးစိုးအောင် ခင်ဗျားကြီးကို ကျုပ် လုံးဝမကျေနပ်ဘူး"

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-5

''ကေသွယ် ... ခုလို ကိုကျော်နဲ့ လျှောက်လည်ရတာ ပျော်လား ဟင်''

''တော်ပါ ကိုကျော်ရယ် ... ချစ်သူတွေဖြစ်ပြီး တစ်ပတ်မှတစ်ရက် လွတ်လွတ်လပ်လပ် တွေ့ခွင့်လေးရတာကိုများ''

''အဲဒါတော့ ကိုကျော်ကို နားလည်ပေးပါ ကေသွယ်ရယ်၊ ကိုကျော့် အလုပ်ရှင်မိန်းမကြီးအကြောင်းလည်း သိသားနဲ့''

''အင်း ... သိလို့ နားလည်ပေးထားတာပေါ့၊ တော်ကြာ ... အဲဒီ အပျိုကြီးနဲ့လည်း ညားနေဦးမယ်''

''အား ... ကေသွယ်ကလည်း အဲဒီမိန်းမကြီးနဲ့တော့ မပေးစား ပါနဲ့၊ ကိုကျော်က လစာကောင်းလွန်းလို့သာ သူ့ဆိုင်မှာ အောင့်အည်းသည်းခံ





ပြီး ဆက်လုပ်နေတာပါ၊ ဒါမှလည်း ကိုကျော်နဲ့ကေသွယ်တို့ မြန်မြန်လက် ထပ်နိုင်မှာလေ''

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ဒါနဲ့ ကေသွယ်တို့ ခု ဘယ်သွားကြ ဦးမလဲဟင်''

''သြော် ... ကေသွယ်ကလည်း ခါတိုင်းလို ဟိုတယ်ကိုပဲပေါ့''

''ရှင်''

''အဲ ... ယောင်လို့၊ ခါတိုင်းလို ရုပ်ရှင်ပဲ သွားကြည့်မယ်လို့ ပြောတာပါ''

''ကိုကျော်နော် ... ကဲ ... ကဲ''

''အား ... နာတယ် ကေသွယ်ရဲ့၊ မဆိတ်နဲ့လေ၊ ကဲ ... ရှင်ရုပ်ပဲ သွားကြည့်ရအောင်''

''အင်း ... အဲ ... ကိုကျော့်ဖုန်းက မြည်နေပြန်ပြီ ကိုင်လိုက်ဦး''

''ဟဲလို ... ဟုတ်ကဲ့၊ ကျွန်တော် ကျော်ဇင်ပါ ... မမဒေစီ၊ ဗျာ ... ခုလား၊ ကျွန်တော့်ကောင်မလေးနဲ့ ရုပ်ရှင်သွားကြည့်မလို့''

''.................................''

''ခင်ဗျာ၊ အရေးမကြီးရင် မလာလို့မရဘူးလား မမဒေစီရယ်''

''.................................''

''ဟုတ်ကဲ့ပါဗျာ၊ ဒါဆိုလည်း ခုပဲ လာခဲ့ပါ့မယ်''

''ကိုကျော် ... ဘာပြောလို့လဲဟင်''

''ဟူး ... ကေသွယ်ရေ ... ဟိုမိန်းမကြီးကတော့ အမျိုးမျိုးငြိမ်း ချောက်ပြီး ခေါ်နေပြန်ပြီ၊ မသွားရင်တော့ အလုပ်ပြုတ်မယ့်ကိန်းပဲ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်မှပဲ ကိုကျော်တို့ . . .''

''တော်ပြီ ကိုကျော်၊ ဒီအတိုင်း ဆက်သွားနေရင်တော့ ကေသွယ်တို့ ချစ်သူဘဝက ဘာမှအဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး။ ဒီတော့ အဲဒီ မိန်းမကြီးဆီက နှောင့်ယှက်တာမခံရမှ ကေသွယ့်ဆီ လာခဲ့ . . . ဒါပဲ''

''ကေသွယ် . . . ကေသွယ် . . . ခဏလေး''

''ရှင် နောက်က လိုက်မလာနဲ့နော် ကိုကျော်ဇင်၊ ကျွန်မ အခု အရမ်းစိတ်ဆိုးနေတယ်''

''ဟူး''

●

''ဒေစီဆိုတဲ့ မိန်းမကြီး ငါ့ကို နှောင့်ယှက်နေတာ တော်တော်လွန်နေပြီ၊ ဒင်းကိုတော့ မှတ်လောက်သားလောက်အောင် ပညာပေးမှဖြစ်တော့မယ်၊ အဲဒီကိစ္စအတွက် ဟိုနှစ်ကောင်နဲ့ တိုင်ပင်ဦးမှ''

■



## Scene-6

''ဒီကိစ္စမှာတော့ ခင်ဗျား တော်တော် လွန်သွားပြီ ကိုမင်းနိုင်''

''ဘာဗျ၊ ကိုထူးမော် . . . ခင်ဗျားက ကျုပ်လို အလုပ်ရှင်ကို ပြန်ခံပြောနေတာလား''

''ပြောစရာရှိတာတော့ ပြောရမှာပဲ ကိုမင်းနိုင်၊ ခင်ဗျားသဘောနဲ့ ခင်ဗျား ဝန်ထမ်းအသစ်ကောင်မလေးတွေခန့်တာ ကျွန်တော် ဘာမှမပြောသိဘူး။ ဒါပေမဲ့ . . . လက်ရှိကျွမ်းကျင်နေတဲ့ ဝန်ထမ်းဟောင်းတွေကို ဖြုတ်ခ်တာတော့ သဘာဝမကျဘူးဗျ''

''ဟာ . . . သူတို့က ခုနစ်အို၊ ရှစ်အို အဒေါ်ကြီးတွေလေ၊ မြင်နေရတာ မျက်စိစပ်တယ်ဗျာ၊ ဒီမှာ ကိုထူးမော် . . . ကျုပ်တို့ဆေးခန်းလုပ်ငန်းက မိန်းကလေးတွေနဲ့ပဲ လည်ပတ်ရတာမဟုတ်လား ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်တဲ့ ခပ်ငယ်ငယ်ကောင်မလေးတွေကို ခန့်တယ်ဗျာ၊ မတတ်သေးလည်း သင်ပေးလို့ ရတာပဲဥစ္စာ''

''အဲလိုတော့ တစ်ဖက်သတ်ကြီးမပြောနဲ့လေဗျာ၊ ခင်ဗျား ဖြုတ်ပစ်တဲ့ ဝန်ထမ်းတွေဆိုတာ ခင်ဗျားအဖေလက်ထက်ကတည်းက လုပ်လာကြတာဗျ၊ သူတို့ရဲ့နောက်မှာ သူတို့ကိုမှီခိုနေတဲ့ မိသားစုရှိသေးတယ်ဆိုတာ ခင်ဗျား နားလည်လား''

''နားမလည်ဘူး၊ ကျုပ် သိစရာလည်း မလိုဘူး၊ ခု ဒီဆေးလိပ်ခုံလုပ်ငန်းဟာ ကျုပ်လက်ထဲမှာ၊ ကျုပ် ပြောင်းလဲချင်တာကို ပြောင်းလဲမယ်၊ ဒီတော့ ရှင်းရှင်းပဲပြောမယ် ကိုထူးမော်၊ နောက်တစ်ခါ ခုလို ကျုပ်ကို လာပြောမယ်ဆိုရင်တော့ ခင်ဗျားလည်း အလုပ်ကထွက်ဖို့ စဉ်းစားထားပါ၊ ခင်ဗျား သွားလို့ရပြီ၊ ဩော် မြတ်နိုးရေ . . . ကိုယ့်ကို ဖက်ကြောလေး လာဆွဲပေးစမ်းပါဦး''

''ဟုတ်ကဲ့ . . . ကိုကို''

●

''တောက်! . . . နာဘူး၊ ငမူး၊ ဒီလဒကိုတော့ ပညာပေးမှဖြစ်တော့မယ်၊ ကြံစမ်း''

■



## Sence- 7

''ကဲ . . . ဆိုစမ်းပါဦး ကျော်ဇင်ရာ၊ ဘာတွေများ ဒီလောက် ဘုနေလို့ ဘီယာဆိုင်မှာ ချိန်းလိုက်တာလဲ''

''ပြောမှာပေါ့ကွာ၊ မင်းသောက်ဖို့ ဘီယာ အရင်မှာလိုက်ဦး ထူးမော်၊ ခဏနေရင် ဟိုကောင် တိုးမောင်ပါ လာလိမ့်မယ်''

''ဟင် . . . တိုးမောင်ကိုလည်း ချိန်းထားတာလား''

''အေးလေ . . . မင်းတို့နဲ့လည်း တိုင်ပင်စရာရှိတာ တိုင်ပင်ရင်း ဘီယာလည်း အတူမသောက်ဖြစ်တာ ကြာပြီဆိုတော့ ချိန်းလိုက်တာပေါ့ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ တိုးမောင် လာပြီ''

''ဟာ . . . ဟေ့ကောင်နှစ်ကောင် ဖါ့ကိုတောင် မစောင့်ဘဲ သောက်နေကြပြီလား၊ တော်တော်သစ္စာရှိတဲ့ကောင်တွေ''



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ တစ်ယောက်တစ်ခွက်စီပဲ ရှိသေးတာပါ တိုးမောင်ရာ၊ ဘာသောက်မှာလဲ၊ ABC လား ရိုးရိုးစည်ပဲလား"

"ABC ပဲ သောက်မယ်ကွာ၊ အေဝမ်းဟော့"

"ချီးယား(စ်)"

"ခွပ်!"

"အင်း . . . ဒီဆိုင်က ငါးကင်က ကောင်းသားပဲဟ၊ ဒါနဲ့ ကျော်ဇင် . . . မင်းက ဖုန်းဆက်ချိန်းတာဆိုတော့ မင်းတိုင်ပင်စရာရှိတယ်ဆိုတာက ဘာလဲ"

"ပြောမှာပေါ့ ထူးမော်ရာ၊ ဘီယာလေးတစ်ခွက်ကုန်အောင် သောက်ပါရစေဦး"

"အေး . . . အေး . . . မျို မျို"

"ဒီလိုကွာ ခုတစ်လော . . . အဲ ခုတစ်လောဆိုပေမယ့် တော်တော်တော့ ကြာနေပါပြီ၊ ငါ ကေသွယ်နဲ့ သိပ်အဆင်မပြေဘူးကွ"

"ဟေ . . . ဘာများဖြစ်ကြတာလဲ၊ မင်းတို့က ဒီလောက်ချစ်ကြတာကို ကျော်ဇင်ရာ"

"ဟုတ်ပါတယ်၊ ခု အဆင်မပြေဘူးဆိုတာကလည်း ကေသွယ်ကြောင့် မဟုတ်ဘူးကွ"

"ဒါဆို မင်းကြောင့်လား"

"ဟော့အေး . . . ငါ့ကြောင့်လည်း မဟုတ်ဘူး၊ ခုလို ငါတို့နှစ်ယောက်ကြားထဲ အဆင်မပြေဖြစ်ရတာက ငါ့အလုပ်ရှင် ဒေစီဆိုတဲ့ မိန်းမကြီးကြောင့်ပဲ"





"ဟေ . . . ဒေစီ ဟုတ်လား၊ ဟို မင်းအလုပ်ရှင် အပျိုကြီးဆိုတာလား"

"ဟုတ်တယ် ထူးမော်၊ အဲဒီအပျိုကြီးက ငါတို့နှစ်ယောက်ကြားမှာ ပြဿနာတက်အောင် လုပ်နေတာ ကြာပြီ"

"ဟင် . . . ဘယ်လိုမျိုးလုပ်တာလဲ၊ မင်းမှာ ရည်းစားရှိတာ သူမသိဘူးလား"

"သိတယ်၊ ငါလည်း သိအောင်ကို တမင်ပြောထားတာပဲ၊ ဒါနဲ့တောင် ငါ့ကို ပေါ်တင်ကြီး ရေလာမြောင်းပေး လုပ်နေတယ်ကွာ၊ သူဘယ်သွားသွား ငါ့ကို အတင်းခေါ်တယ်၊ နောက်ဆုံး အလုပ်နားရက်မှာ ကေသွယ်နဲ့ရှိနေရင်တောင် အမျိုးမျိုးခြိမ်းခြောက်ပြီး သူ့ဆီ အတင်းလာခိုင်းတာ"

"ဒါနဲ့ . . . မင်းကို ဒူးနဲ့မျက်ရည်သုတ်ရအောင်တော့ ကိုယ်ထိလက်ရောက် မစော်ကားသေးပါဘူးနော်"

"မနောက်ပါနဲ့ တိုးမောင်ရာ၊ ငါ တကယ်စိတ်ညစ်နေတာကွ"

"ဒါဆိုလည်း အဲဒီအလုပ်က ထွက်လိုက်ပေါ့ ကျော်ဇင်ရာ'

"အာ . . . ဒါလည်း မဖြစ်သေးဘူးကွာ၊ သူက ငါ့ကို ဘယ်အလုပ်မှာမှ မရနိုင်တဲ့လစာမျိုးပေးထားတာ၊ ထွက်ရမှာ နှမြောစရာကြီး"

"အဆီတဝင်းဝင်းကြီးကို လွှင့်မပစ်ချင်ရင်လည်း သဲတရှပ်ရှပ်နဲ့ပဲ စားပေါ့ ကျော်ဇင်ရာ၊ ဒါနဲ့ မင်းဘောစိအပျိုကြီးက ပုံပျက်ပန်းပျက်ကြီးလား"

"အသက်နည်းနည်းကြီးတာကလွဲလို့ သူ့ဟာနဲ့သူ မိုက်ပါတယ်"

"ဒါဆိုလည်း ဆွဲစိပစ်လိုက်ကွာ၊ အိမ်ကွင်း, အဝေးကွင်းဟန်ပေါ့"



www.burmeseclassic.com

''ဟော့ကောင် ထူးမော် . . . အဲလိုမျိုးတော့ ငါ လုံးဝစိတ်မဝင်စားဘူး၊ ငါ့ဘဝအတွက် အချစ်ဆိုတာ ကေသွယ်တစ်ယောက်ပဲ ရှိတယ်''

''ဟုတ်ပါပြီ . . . ငါကလည်း နောက်တာပါ၊ ဒီမှာ ကျော်ဇင် . . . မင်းလည်း အလုပ်ရှင်နဲ့ပတ်သက်ပြီး စိတ်ရှုပ်နေရသလို ငါလည်း ငါ့မန်နေဂျာကို အသားကုန်တင်းနေတာကွ''

''ဟေ . . . ဟုတ်လား၊ ဘာဖြစ်လို့လဲ''

''ပြောမယ် . . . ဘီယာ အရင်မှာလိုက်ဦး''

''ABC သုံးခွက်ဟေ့''

''ဒီလိုကွာ၊ ငါ့အထက်မန်နေဂျာ ဦးစိုးအောင်ဆိုတဲ့ လူ့ငွစာကြီးက ငါ့ကို လက်ထောက်မန်နေဂျာရာထူးပေးမယ်ဆိုပြီး မက်လုံးအမျိုးမျိုးပေးထားတာ၊ တကယ်အနားကပ်တော့မှ ငါ့အရည်အချင်း မမီဘူးဆိုပြီး ကပ်ဖြုတ်လိုက်တာကွ''

''ဟေ . . . ဘယ်လိုဖြစ်ရတာလဲ''

''မသိပါဘူးကွာ၊ အဲဒီလူကြီးက အလုပ်ထဲမှာလည်း ဟိုပါဒီပါ ပစ်ပစ်နဲ့၊ သူ့ဌွေးဦးနေစေးက ပါဝါကုန်လွှဲထားတော့ ထင်တိုင်းကြဲနေတာ၊ တစ်ရက်တစ်ရက် သူ့မိန်းမငယ်ငယ်လေးဆီကို ဆယ်မိနစ်တစ်ကြိမ်လောက် ဖုန်းဆက်ရင်တော့ မျက်နှာကြီးက ချိုနေတာပဲ''

''ဒီတော့ မင်းက အဲဒီဦးစိုးအောင်ကို ဘာလုပ်ချင်လို့လဲ''

''မပြောတတ်သေးဘူးကွာ၊ အလုပ်ကလည်း ထွက်လို့မဖြစ်သေးဘူး၊ ဖြစ်နိုင်ရင်တော့ ဦးစိုးအောင်ကို မှတ်လောက်သားလောက်အောင် ပညာပေးချင်တာပဲ''





''တိုးမောင် . . . မင်းအလုပ်ရှင်ကို မင်းပညာပေးချင်သလို ငါလည်း ဘောစိ မင်းနိုင်ဆိုတဲ့ ငတိကို ဆုံးမ,ချင်နေတာပဲ''

''ဟေ . . . မင်းမှာလည်း အလုပ်ရှင်နဲ့ပတ်သက်ပြီး ပြဿနာရှိနေလို့လား ထူးမော်''

''သိပ်ရှိတာပေါ့ကွာ၊ ဘီယာ ထပ်မှာလိုက်ဦး . . . ငါပြောပြမယ်''

''ABC သုံးခွက် ထပ်ပေးဟေ့''

''အဲဒီ မင်းနိုင်ဆိုတဲ့ကောင်က သူ့အဖေဆုံးတော့ အလုပ်ထဲမှာ ဘောစိဆိုပြီး ထင်တိုင်းကြဲနေတာကွ၊ သူ့အဖေလက်ထက်က ဝန်ထမ်းဟောင်းတွေကို အသက်ကြီးတယ်ဆိုပြီး ဖြုတ်ပစ်တယ်၊ အသစ်ကောင်မလေးတွေ ခန့်တယ်၊ အဒေါ်ကြီးတွေ သနားပါတယ်ကွာ၊ ငါက မခံနိုင်လို့ ထပ်ပြောတော့ ငါ့ကိုလည်း မလုပ်ချင်ရင် ထွက်ပေါ့တဲ့''

''အင်း . . . မင်းလည်း ငါတို့လိုပဲ အလုပ်ထွက်လို့ မဖြစ်သေးဘူး ဟုတ်လား''

''အေးလေ . . . အဲဒါကြောင့်လည်း ဒီကောင့်ကို တစ်ဖက်လှည့်နဲ့ ဘယ်လိုဆုံးမရမလဲဆိုတာ နေ့တိုင်းတွေးနေတာပေါ့''

''ဟူး . . . ငါတို့သုံးယောက်စလုံးမှာလည်း ဘောစိပြဿနာတွေနဲ့ချည်းပါလား''

''ဒီကိစ္စကို ဘယ်လိုဖြေရှင်းကြရင် ကောင်းမလဲ ထူးမော်''

''စဉ်းစားနေတာပဲ ကျော်ဇင်ရာ၊ ကိုယ်တိုင် ချောင်းရိုက်လို့လည်း မဖြစ်သေးဘူး၊ လိုချင်တာကတော့ သူတို့ တစ်ခုခုကို ထိတ်လန့်ပြီး အရိုးကျိုးသွားစေချင်တာကွ''



www.burmeseclassic.com

www.burmeseclassic.com

''ဒါဆို ငါတို့ လူငှားပြီး ဆုံးမနိုင်းမလား''

''ဘယ်လိုမျိုးလဲ''

''ရိုက်ခိုင်းတာမဟုတ်ရင်တော့ ပြန်ပေးဆွဲသလိုပုံစံမျိုးပေါ့၊ တစ်ရှု ပေါ့ကွာ''

''ဟာ . . . အဲဒါကရော ဘယ်သူက လုပ်ပေးမှာလဲ တိုးမောင်ရာ''

''ခဏလေးကွ၊ ငါတို့ရပ်ကွက်ထဲမှာ လူမိုက်တွေထိုင်တတ်တဲ့ အရက်ဆိုင်တော့ ရှိတယ်၊ အဲဒီကိုသွားပြီး စုံစမ်းကြည့်မလား''

''ကောင်းသားပဲ၊ သွားကြည့်ရင် တစ်ခုခုတော့ ထူးမှာပဲ၊ တစ်ယောက်တစ်ခွက် ချပြီးရင် သွားရအောင်''

''အေး . . . တကယ်လို့ အလုပ်ဖြစ်ရင်တော့ ကုန်ကျစရိတ်ကို အညီအမျှပဲနော် ဟေ့ကောင်တွေ''

''သိပါတယ်ကွာ၊ ကဲ . . . အကြံအထိမ်းအမှတ်အနေနဲ့ ချီးယား(စ်) လုပ်လိုက်ရအောင်''

''ချီးယား(စ်)''

''ခွပ်!''

■



## Sence- 8

''ဒီ . . . ဒီမှာဗျ ခင် . . . ခင်ဗျားက ကိုကျားကြီးဆိုတာလား ဆိုတာ့''

''ကိစ္စကိုပြော''

''ဒီလိုဗျာ . . . ကျွန်တော်တို့သုံးယောက် ခင်ဗျားကို အလုပ်ကလေး အပ်ချင်လို့''

''အကွဲလား, အကျိုးအကန်းလား၊ ဒါမှမဟုတ် အသေလား''

''ဟာ . . . အဲဒီလိုကြီးတော့ မဟုတ်ပါဘူး''

''ဒါဆိုရင်တော့ မင်းတို့ ပြန်ကြတော့၊ ငါက လူမိုက်အလုပ်ပဲ လုပ်တတ်တယ်''

''နေစမ်းပါဦး ကျော်ဖင်ရာ . . . ငါ ပြောပါဦးမယ်၊ ဒီလို ကိုကျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးရ . . . ခု ကျွန်တော်တို့အပ်မယ့်အလုပ်ကလည်း လူမိုက်အလုပ်ပါပဲ ဟိုဗျာ လူသုံးယောက်ကို တစ်နေရာစီခွဲပြီး ပြန်ပေးဆွဲခိုင်းချင်လို့''

''ပြန်ပေးဆွဲရမယ် ဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျ၊ အဲဒါမျိုးဆိုရင်ကော ကိုကျားကြီးအတွက် အဆင်ပြေနိုင်ပါ့မလား မသိဘူး''

''ဟေ့ကောင် . . . ဒါက ဘာတွေလဲ''

''ဗျာ . . . အဲဒါက တက် . . . တက်တူးတွေလေ''

''အေး . . . မြဲမြဲမှတ်ထား၊ စောက်ပေါမဟုတ်ဘူး၊ တစ်ကိုယ်လုံး အရုပ်တွေနဲ့''

''ကြိုက်သွားပြီဗျာ၊ အဲဒါဆိုရင်တော့ ကျွန်တော်တို့ ကိုကျားကြီး ကို အလုပ်အပ်ချင်တယ်''

''သုံးယောက်ဆိုတော့ တစ်ယောက် ငါးသိန်းနှုန်းနဲ့ ဆယ့်ငါးသိန်း ကျမယ်''

''ဟာ . . . များလှချည်လား ကိုကျားကြီးရာ၊ သုံးလေးရက်လောက် ပဲ ပြန်ပေးဆွဲထားချင်တာဗျ''

''ဟုတ်ပါတယ်ဗျာ၊ သူတို့တွေ လန့်သွားရုံလေးပါ၊ ပြန်ပေးဆွဲထား တုန်း ယောကျ်ားနှစ်ယောက်ကိုတော့ ကိုကျားကြီး ပါးပါးလေး ဗျင်းလို့ရ တယ်''

''ဆယ့်ငါးသိန်းတော့ များတယ်ဗျာ၊ နည်းနည်းလျှော့ဦး''

''မင်းတို့အလုပ်က ရာဇဝတ်မှုကင်းတာ မဟုတ်ဘူးကွ၊ ငါလည်း အထဲက ထွက်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ ဒါပေမဲ့ . . . ရောင်းသူနဲ့





သူဆိုတော့ ဈေးညှိပေးရမှာပေါ့၊ တစ်ယောက် သုံးသိန်းနှုန်းနဲ့ ကိုးသိန်း

''ဟေ့ကောင် တိုးမောင် . . . ဘယ်လိုလဲ၊ ကိုးသိန်းတဲ့''

''ချကွာ . . . မထူးတော့ဘူး၊ ပိုက်ဆံကိုးသိန်းနဲ့ ငါတို့လည်း ယျက်မှာမှ မဟုတ်တာ၊ ကျော်ဇင် မင်းသဘောကရော''

''ဆော်ကွာ၊ ကိုးသိန်းမဟုတ်ဘူး၊ ကိုကျားကြီး ဆယ်သိန်းယူ လိုက်''

''ဟေ့ကောင် . . . လူမိုက်ကွ၊ စောက်ပေါမဟုတ်ဘူး၊ တိတိကျကျပဲ ယူမယ် . . . ကိုးသိန်းပဲ''

''ဟုတ်ပြီလေ၊ ဒါဆို ကိုကျားကြီး ဘယ်နေ့လောက် လုပ်ငန်းစ ချင်လဲ''

''အဲဒါ မင်းတို့အပေါ် မူတည်တယ်''

''ဗျာ . . . ဘယ်လို . . . ဘယ်လို''

''ဟေ့ကောင် မင်းနာမည်က''

''ထူးမော်ပါ၊ ဒီကောင်တွေက တိုးမောင်နဲ့ ကျော်ဇင်''

''ဟုတ်ပြီလေ၊ ငါ့အလုပ်အတွက် သူတို့ရဲ့ဓာတ်ပုံတွေနဲ့ အချက် အလက်တွေလိုတယ်၊ ဓာတ်ပုံဆိုတာကလည်း ရှူတို့ပုံတွေတင် မဟုတ်ဘဲ သူတို့ရဲ့ပတ်ဝန်းကျင်၊ အိမ်အနေအထား၊ အိမ်အတွင်းဘက် ဓာတ်ပုံတွေပါ လိုချင်တယ်၊ အချက်အလက်အနေနဲ့ သူတို့ရဲ့ဘိုင်အိုဂရပ်ဖီတွေအပြင် သူတို့ ရဲ့အားနည်းချက်တွေက ဘာလဲဆိုတာကိုပါ မင်းတို့ စုံစမ်းပေးရမယ်''

''အဲဒီလောက်တော့ လုပ်ပေးလို့ရမယ် ထင်တာပဲ၊ နော် . . .

www.burmeseclassic.com



တိုးမောင်''

''အေးလေ ... ကြိုးစားကြည့်ရမှာပေါ့''

''ကဲ ... အလုပ်အပ်ပြီဆိုရင် စရန်ကြိုချခဲ့တော့''

''ဗျာ ... စရန်က ဘယ်လောက်ပေးရမှာလဲ ကိုကျားကြီး''

''ငါးသိန်း၊ ထပ်မဆစ်နဲ့၊ စောက်ပေါမဟုတ်ဘူးနော်၊ ပိုက်ဆံမပါလာရင်လည်း မင်းတို့ ဒိုးလိုက်တော့''

''ခဏလေးပါဗျာ၊ ကျော်ဖင် မင်းမှာ ပိုက်ဆံပါလား''

''အာ ... ငါးသိန်းတော့ ဘယ်လိုလုပ် ပါမှာလဲကွ၊ ဟိုမှာ ရှင်းခဲ့တာနဲ့ လေးငါးသောင်းလောက်ပဲ ကျန်တော့တယ်၊ မင်းမှာရော''

''ငါ့မှာလည်း သိပ်မပါဘူးကွ''

''တိုးမောင် ... ငါ့မှာတော့ အလုပ်က ပိုက်ဆံတွေပါတယ်၊ ခဏတော့ လှည့်သုံးထားလို့ရတယ်ကွ''

''တော်သေးတာပေါ့ ထူးမော်ရာ၊ အဲဒီအထဲက ငါးသိန်း ခဏပေးစမ်းပါ၊ နောက်နေ့မှ မင်းကို အချိုးကျ ပြန်ပေးမယ်''

''ပြီးရောလေ''

''ရော့ ... ကိုကျားကြီး၊ ဒီမှာ ငါးသိန်းတိတိ၊ စစ်ကြည့်ဦး''

''ပြည့်တယ်၊ ဒါဆိုရင် မင်းတို့ဆီက ဓာတ်ပုံတွေနဲ့ ဒေတာလ်တွေရပြီး နောက်နေ့ ငါ အလုပ်စမယ်''

''ကောင်းတယ်ဗျာ၊ ကဲ ... ဒါဆို ကိုကျားကြီးနဲ့ကျွန်တော်တို့ အောင်ပွဲခံလိုက်ရအောင်''

''စားပွဲထိုးတွေ လာစမ်း၊ ဒီကောင် သုံးကောင်အတွက် ဗေယျာဝတီ





…ဗိုးစီ သုံးခွက်ထည့်ပေးလိုက်''

''ကို ... ကိုကျားကြီး ကျွန် ... ကျွန်တော်တို့ အရက်ဖြူ မ…မသောက်''

''ဟော့ကောင် ... မင်း နာချင်လို့လား''

''ဟာ ... မဟုတ်ပါဘူး မသောက်ဖူးပေမယ့် သောက်ကြည့်မယ်…ပြောမလို့ပါ''

''ပြီးရော၊ စောက်ပေါမဟုတ်ဘူးနော်၊ ဒီမှာကြည့် ... အရုပ်တွေနဲ့''

''ဟုတ်ကဲ့ပါ ကိုကျားကြီးရယ်''

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-9

''အသည်းလေးရေ . . . ကိုကြီး ပြန်လာပြီ၊ ဒီမှာ ဘာတွေဝယ်လာလဲလို့ ကြည့်ပါဦး''

''အဲဒါ ဘာတွေလဲ''

''မုန့်လင်မယားတွေလေ၊ အသည်းလေးကို စားစေချင်လို့ ပွဲဈေးကနေ တကူးတက ငါးရာဖိုးဝယ်လာတာ''

''အကုန်အကျလည်း များသွားပါဦးမယ်''

''ဩော် . . . အသည်းလေးကလည်းကွာ စေတနာကို ပိုက်ဆံနဲ့ တန်ဖိုးမဖြတ်ပါနဲ့''

''အိုး . . . ဦးတောင် ကျွန်မအမေရဲ့အကြွေးတွေကို အကြောင်းပြပြီး ကျွန်မကို ရအောင်ယူခဲ့တာပဲလေ''





''အဲလို မဟုတ်ပါဘူး အသည်းလေးရာ၊ ကိုကြီးက အသည်းလေးကို ချစ်လို့ပါ၊ အသည်းလေးကရော''

''မသိဘူး၊ ကျွန်မ,သိတာက ဦးစိုးအောင်ဆိုတဲ့လူကို လက်ထပ်ထားရတယ်၊ တစ်ရက်တစ်ရက် အပြင်လည်း ထွက်ခွင့်မရဘူး၊ အိမ်ထဲမှာပဲ နေနေရတယ်''

''အဲဒါကလည်း ချစ်လို့၊ စိတ်ပူလို့ပါ အသည်းလေးရယ်၊ ဖြစ်နိုင်ရင် ကိုကြီးက အသည်းလေးကို အာခံတွင်းထဲ ငုံထားချင်တာဗျ''

''အိုး . . . ကျွန်မ အာပုတ်စော်နံမှာပေါ့''

''ဟီး ဟီး . . . ကိုကြီးက သဘောကို ပြောတာပါ၊ အသည်းလေးအိမ်မှာ ပျင်းလို့ အပြင်သွားချင်ရင်လည်း ကိုကြီး လိုက်ပို့မှာပေါ့၊ ဒါနဲ့ ကိုကြီး ဝယ်ပေးထားတဲ့ ဖုန်းရော''

''ရော့ . . . ရော့ . . . ဖုန်းဘီလ်နဲ့ ဘယ်သူတွေဆီ ဆက်ထားလည်းဆိုတာ စစ်ဖို့မဟုတ်လား၊ အရမ်းပဲ စိတ်ကုန်ဖို့ကောင်းတယ်''

''စိတ်ပူလို့ပါ အသည်းလေးရာ၊ ဒါနဲ့ ဒီနေ့လေ ကိုကြီး နောက်ဆုထူးတစ်ခု ထပ်ရလို့ နောက်ထပ်ဝင်ငွေလည်း တိုးလာတယ် သိလား၊ အဲဒီအထိမ်းအမှတ်နဲ့ အသည်းလေးအတွက် စိန်လက်စွပ်တစ်ကွင်း ဝယ်လာတယ်''

''ဟယ် . . . အဲဒါတော့ စိတ်ဝင်စားတယ်၊ ပြပါဦး''

''ဒီမှာ ရော့၊ ခဏလေး . . . ကိုကြီးကိုယ်တိုင် စွပ်ပေးမယ်၊ ဒါပဲနော် အသည်းလေး . . . ကိုကြီးက အသည်းလေးကို အရမ်းချစ်သလို သဝန်လည်း တိုတယ်နော်၊ အသည်းလေးကို စေ့စေ့ကြည့်တဲ့လူကိုတောင် သတ်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဝန်မလေးဘူး မှတ်ထား၊ အဲဒါကြောင့် အသည်းလေးလည်း ကိုကြီး ဒေါ်သ ထွက်ရအောင် ဘယ်တော့မှ မလုပ်နဲ့''

''ကြားပါတယ်၊ ခုလည်း ဦးပြောသလို အိမ်မှာပဲနေတာပဲဟာကို''

''ယုံပါ‌ယ်ဗျာ၊ ကဲ အသည်းလေး . . . လာ . . . ကိုကြီးတို့ အိပ်ခန်းထဲ သွားရအောင်''

''အာ . . . မသွားချင်ပါဘူး၊ ကျွန်မ ဟိုဟာတွေ ဖြစ်နေတယ်''

''ကောင်းရောပေါ့ကွာ၊ အရေးကြီးလို့ တစ်ရှိန်ထိုးမောင်းလာတာ တောင် မီးနီက မိနေသေးတယ်''

''ခွိ''

■



## Sence-10

''ကိုမင်းနိုင် . . . ဒီရက်ပိုင်း ကျွန်တော် အလုပ်ထဲက ကားတစ်စီးကို ခဏယူသုံးချင်တယ်''

''သုံးလေ ကိုထူးမော်၊ ခုလည်း ခင်ဗျားကို ပေးသုံးထားတာပဲ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ . . . ကျွန်တော်ပြောချင်တာက ဒီရက်ပိုင်း ညဘက်တွေမှာပါ ယူသုံးချင်တာဗျ''

''ဩော် . . . ဒီလိုလား၊ ဒါဆိုလည်း ခင်ဗျားဘာသာ ဆိုထည့်နိုင် နိုင် သုံးပေါ့''

''ကျေးဇူးပဲ''

''ဒါနဲ့ ကိုထူးမော် . . . ခင်ဗျား ညဘက် ကားသုံးချင်တာ ကလယ်



www.burmeseclassic.com

www.burmeseclassic.com

တက်ဖို့တော့ မဟုတ်ပါဘူးနော်''

''ဗျာ . . . ဘာဖြစ်လို့လဲ''

''ဘာမှတော့မဖြစ်ပါဘူး . . . ကျုပ်က ညဘက်တွေဆို အိပ်တာ မဟုတ်ဘူးဗျ၊ ညတိုင်း ကားတစ်စီးနဲ့ ကလပ်တိုင်းလိုလို ရောက်ဖြစ်တာလေ၊ ခင်ဗျား . . . ကလပ်လာရင်တော့ ကျုပ်နဲ့ ဆုံဦးမှာပဲလို့ ပြောမလို့ပါ''

''ဟာ . . . ကျွန်တော် ကားသုံးချင်တာ ကလပ်တွေ,ဘာတွေ သွားဖို့ မဟုတ်ပါဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ သုံးချင်တာပါ''

''ပြီးရောဗျာ . . . ခင်ဗျားကိစ္စကို ကျုပ် မစပ်စုတော့ပါဘူး၊ ဒါနဲ့ ကိုထူးမော်''

''ခင်ဗျာ''

''ဟိုလေ . . . ခင်ဗျားမှာ ဇယားမိုက်မိုက်ကလေးတွေနဲ့ ချိတ်မိရှိလား''

''ဟာ . . . မရှိပါဘူး၊ အဲဒီကိစ္စတွေကို ကျွန်တော် ဝါသနာမပါဘူးဗျ''

''ဟား ဟား . . . ခင်ဗျားကတော့ တကယ့် လူရိုးထင်တယ်၊ ကျုပ်ကတော့ ဝါသနာပါတယ်ဗျ၊ မကောင်းဘူးလို့ လူတွေပြောပြတာတွေ အားလုံး ကျုပ်အတွက်တော့ ကောင်းတယ်''

''ကိုယ်သန်ရာ သန်ရာပေါ့ဗျာ၊ ကဲ ကိုမင်းနိုင် . . . ကျွန်တော့်ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီဗျာ၊ ဩော် . . . ဒါနဲ့ အလုပ်ထွက်သွားတဲ့ မြတ်နိုး





…မှာ ဝင်လာတဲ့ ကျုပ်ရဲ့ အတွင်းရေးမှူးအသစ်ကောင်မလေးကို ဒီလကြ…ီး လစာသုံးသောင်းပိုပေးလိုက်ဗျ . . . ကြားလား''

''ဟုတ်ကဲ့ . . . ကိုမင်းနိုင်သဘောပါပဲ''

''ဇင်မာလေး ကြားတယ်နော် . . . လစာတိုးပေးဖို့ ပြောလိုက်ပြီ…တော့ . . .''

''အာ . . . သိပါတယ်''

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-11

''ဒါနဲ့ ... နေစမ်းပါဦး မောင်လေးကျော်ဇင်ရဲ့ မင်းက ခွင့်သုံးရက်တောင် ယူမှာဆိုတော့ ဘာလုပ်မလို့လဲ''

''အဲ ... အဲဒါကလေ နယ်မှာ ကျွန်တော့်အမေ နေမကောင်းဖြစ်နေတယ်ဆိုပြီး ဖုန်းဆက်လို့ ခဏပြန်ချင်တာပါ''

''သေချာပါတယ်နော်''

''သေချာပါတယ် မမဒေစီရဲ့ မမကို ကျွန်တော် ဘယ်တုန်းက ညာဖူးလို့လဲ၊ မမစကားဆိုလည်း အမြဲနားထောင်တာပဲဥစ္စာ''

''ဟုတ်ပါပြီ ကိုယ်တော်လေးရယ်၊ ဒါဆိုလည်း သွားပေါ့၊ လစာလည်း ကြိုထုတ်ပေးလိုက်မယ်၊ ဒါပေမဲ့ ... တစ်ခုတော့ ရှိတယ်''

''ဗျာ ... ဘာ ... ဘာတစ်ခုလဲဟင် မမဒေစီ''





''ဩော် ... မမ နေ့တိုင်း ဖုန်းဆက်မယ်လို့၊ အဲဒါ ဖုန်းတော့ ပိတ်မထားနဲ့''

''မပိတ်ထားပါဘူး မမဒေစီရယ်၊ အဲ ... နယ်မှာ လိုင်းမမိရင်တော့ မပြောတတ်ဘူး''

''ဟုတ်ပါပြီ၊ ဆက်လို့ရမှ ဆက်မှာပါ၊ အင်း ... မမတော့ သုံးရက်လုံးလုံး မောင်လေးကျော်ဇင်ကို သတိရနေတော့မှာပဲ''

''ကျွန်တော်လည်း ဒီအတိုင်းပါပဲ မမဒေစီရယ်''

''ဟွန်း ... အပြောကောင်း၊ ဒါနဲ့ မောင်လေးကျော်ဇင်က မနက်ဖြန်သွားတော့မှာဆိုတော့ ဒီညနေ မမ ညစာကျွေးလိုက်မယ်လေ၊ စားမှာပေါ့တော်လား''

''ဗျာ''

''ဩော် ... ညစာ ထမင်းဟင်းကို ပြောတာပါ၊ ဘာတွေလျှောက်တွေးနေမှန်းလည်း မသိဘူး ... ဟွန့်''

''မမဒေစီ သဘောအတိုင်းပါပဲဗျာ''

''အဲဒီလိုမှပေါ့ ... ဟင်း ... ဟင်း''

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-12

"ဘာကွ . . . လစာမဲ့ခွင့်ကို သုံးရက်တောင် ယူချင်လို့ . . . ဟုတ်လား တိုးမောင်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်မှာ ကိုယ်ရေးကိုယ်တာ အရေးပေါ်ကိစ္စလေးရှိလို့ပါ"

"အင်း . . . လစာမဲ့ဆိုရင်တော့ မင်းသဘောပဲလေ တိုးမောင်၊ ဒီအတိုင်းဆိုရင်တော့ နောင်နှစ်မှာလည်း မင်း လက်ထောက်မန်နေဂျာ ဖြစ်လာဖို့ အလားအလာမမြင်မိဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်လည်း မဖြစ်ချင်တော့ပါဘူး။ အဲဒီရာထူးက ဆရာ့လိုလူမျိုးနဲ့မှ သင့်တော်တာပါ"

"သိပ်သေချာတာပေါ့ကွာ၊ ဒါနဲ့ ခဏနေဦး၊ ငါ့မိန်းမဆီ ဖုန်းခေါ်





လိုက်ဦးမယ် . . . 09 - - - - - - - - အသည်းလေးလား၊ ကိုကြီးပါ၊ အိမ်မှာပဲမဟုတ်လား"

"..........."

"ထမင်းစားရင် လက်ဆေးနော်"

"..........."

အင်းပေါ့ . . . ရေ သောက်ရင် ပါးစပ်ဖွင့်ပြီးသောက်၊ ဒီမှာကွာ . . . တပည့်တစ်ယောက် ဆုံးမနေလို့ . . . ဒါပဲ ဒါပဲ"

"..........."

"ကဲ . . . ဘာပြောစရာရှိသေးလဲ တိုးမောင်"

"သြော် . . . ဆရာလည်း သိပ်မကြာတော့ပါဘူးလို့"

"ဘာကွ"

"သြော် . . . ရုံးဆင်းချိန် နီးပြီလေ၊ ဆရာလည်း အိမ်ပြန်ဖို့ သိပ်မကြာတော့ဘူးလို့ ပြောတာပါ"

"အဲဒါ ငါ့ကိစ္စပါ"

"ဒါဆိုလည်း ခွင့်ပြုပါဦးဆရာ"

"ခွင့်ပြုပါတယ်ကွာ . . . သွားပါ သွားပါ"

"ဆရာလည်း ဂရုစိုက်ပြန်ပါ ဆရာ"

"ဟော့ကောင် တိုးမောင် . . . အဲဒါက ဘာစကားလဲ"

"သြော် . . . အိမ်မှာ ဆရာ့မိန်းမက မျှော်နေမှာမဟုတ်လား၊ အဲဒါကြောင့် ဂရုစိုက်ပြန်ပါလို့ ကိုရီးယားဇာတ်လမ်းထဲကလို ပြောတာပါ"

"အဲဒါ ငါ့ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ ဆရာ၊ ကျွန်တော်လည်း သွားပါပြီ"

"တိုးမောင်ဆိုတဲ့ကောင်ဟာ ဘယ်လို အကြောင်းကြောင်းကောင်မှန်း မသိဘူး။ အဲ ... ငါလည်း အသည်းလေးဆီကို မပြန်ခင် ဖုန်းဆက်ဦးမှ"

■



## Sence-13

"ဘယ်လိုလဲ ဟောကောင်တွေ ... အားလုံး အဆင်သင့်ဖြစ်ပြီလား"

"ရေမီးအစုံပဲ တိုးမောင်၊ ဒီရက်ပိုင်း ငါယူလာတဲ့ကားကိုလည်း စိတ်ကြိုက်သုံးလို့ရတယ်"

"ကောင်းတယ် ထူးမော်၊ ငါတို့ရဲ့ အော်ပရေးရှင်းက ကားတစ်စီးနဲ့မှ အဆင်ပြေမှာကွ"

"ကဲ ... ဒါဆို ငါတို့ ဘယ်ကစပြီး စုံစမ်းကြမလဲ"

"အင်း ... ငါတို့ ဘောစိတွေရဲ့ဓာတ်ပုံကိုတော့ ဖုန်းနဲ့ အားလုံး ရိုက်ပြီးသွားပြီဆိုတော့ သူတို့တွေရဲ့ အိမ်အနေအထားတွေကို ဓာတ်ပုံလိုက်ရိုက်ရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ကျော်ဇင် . . . ကိုကျားကြီးက သူတို့ရဲ့အားနည်းချက်တွေကိုပါ စုံစမ်းနိုင်းထားသေးတယ်နော်"

"သိပါတယ်ကွာ၊ သူတို့အိမ်တွေထဲ ခိုးဝင်လို့ရရင်တော့ သူတို့ရဲ့အားနည်းချက်တစ်ခုခုတော့ သိရမှာပဲ"

"သတိတော့ ထားရမယ်ကွ၊ အဲဒါ . . . ပိုင်နက်ကျူးလွန်မှုနော် ကျော်ဇင်"

"အဲဒါကြောင့် အခြေအနေကြည့်ပြီး လုပ်ရှားရမယ်လို့ ပြောတာပေါ့"

"ဟုတ်ပါပြီ၊ ဒါဆို . . . ခု ဘယ်သူ့အိမ်အနေအထားကို အရင်သွားလေ့လာကြမလဲ၊ ထူးမော် . . . မင်းဘောစိရဲ့အိမ်ဆိုရင်ကော"

"မဖြစ်ဘူး ဟေ့ကောင်၊ အဲဒီဘဲက နေ့ခင်းဘက်တွေဆို အလုပ်ရုံမလာရင် အိမ်မှာပဲရှိတာများတယ်ကွ၊ သူက ညဘက်မှ ကားတစ်စီးနဲ့ လျှောက်လိမ့်နေတာ"

"ဒါဆိုလည်း မင်းဘောစိကို ခဏလျှော့ထားလိုက်တော့၊ ကျော်ဇင် မင်းဘောစိ အပျိုကြီးဆိုရင် ကောင်းမလား"

"တိုးမောင်ရာ . . . အပျိုကြီးအိမ်က သိပ်လောစရာမလိုဘူးကွ၊ သူ့အိမ်မှာ ဘယ်သူမှလည်း ရှိတာမဟုတ်ဘူး၊ နည်းနည်းခက်ခဲမှာက မင်းဘောစိ ဦးစိုးအောင်ရဲ့အိမ်ပဲ၊ သူ့အိမ်မှာက သူ့မယားလေး ရှိတယ်ဆို၊ ဒီတော့ ခက်တာကို အရင်ကြိုးစားကြတာပေါ့"

"ကောင်းပြီလေ၊ ဒါဆိုလည်း ငါ့ဘောစိရဲ့အိမ်ကိုပဲ အရင်သွားကြတာပေါ့"





"ရော့ . . . ဟေ့ကောင်တွေ လိုရမယ်ရ သုံးဖို့ ဒါကို တစ်ယောက်တစ်ခုစီ ယူထားဦး"

"ဘာတွေလဲ ထူးမော်ရ"

"သရဲမျက်နှာဖုံးတွေပါကွာ၊ အနည်းဆုံး ဒါကိုစွပ်ထားရင် ရုပ်ဖျက်ပြီးသား ဖြစ်သွားတာပေါ့"

"အေး . . . ပေးထားလေ"

"ကဲ . . . အစီအစဉ်အားလုံးဆွဲပြီးသွားပြီဆိုတော့ နိုးရအောင်၊ ဒါနဲ့ ငါတို့ရဲ့ အလုပ်ရှင်တွေကို ဆုံးမမယ့် ဒီအစီအစဉ်ကို ဘယ်လိုနာမည်ပေးရင် ကောင်းမလဲ"

"ဒါများ ကျော်ဇင်ရာ . . . အလုပ်ရှင် ဘောစိတွေကို ဆုံးမမယ့် အော် ပရေးရှင်းဆိုတော့ ဘောစိအော်ပရေးရှင်းပေါ့ကွာ"

"ဟား ဟား . . . ကောင်းတယ်၊ ကောင်းတယ်၊ ဘောစိအော်ပရေးရှင်းကို စလိုက်ရအောင်ဟေ့"

'ဂျိုင်း'

'ဂူး'

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-14

''ထူးမော် . . . ထူးမော် . . . အဲဒီရှေ့နားလေးမှာ ကားရပ်လိုက်တော့''

''ရောက်ပြီလား''

''ထင်တာပဲ၊ လိပ်စာအတိုင်းဆိုရင်တော့ ဟိုရှေ့က တစ်ထပ်တိုက်ပုလေးပဲ''

''ဟာ တိုးမောင်ရာ . . . မင်းကလည်း ကိုယ့်ဘောစိအိမ်တောင် မရောက်ဖူးဘူးလား''

''ရောက်ဖို့နေနေသာသာ ဦးအောင်စိုးက သူ့အိမ်ကို ဘယ်သူ့ကိုမှ အလည်ခေါ်တာမဟုတ်ဘူး၊ သူ့မိန်းမလေးကို သဝန်တိုလို့နဲ့တူပါတယ်''

''ဟင် . . . ဒါဆို သူ့မိန်းမဆိုတာကိုလည်း မင်း မမြင်ဖူးဘူးပေါ့''





''လုံးဝပဲ၊ ဖြူမှန်း၊ မည်းမှန်း၊ ဝမှန်း၊ ပိန်မှန်းတောင် မသိဘူး''

''ပြီးရောပေါ့ကွာ၊ လောလောဆယ် အိမ်ကို သိရပြီဆိုတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ''

''ဒီအနားကနေ အိမ်ကို ဓာတ်ပုံအရင်ရိုက်ထားဦးကွာ၊ ပြီးရင် ခဏစောင့်ကြည့်မယ်''

''အေးကွာ . . . အိမ်ထဲမှာ သူ့မိန်းမရှိ၊မရှိဆိုတာ ငါတို့ သိတာ ပေါ့တော့ ဆိုးတယ်''

''အချိန်ရှိသေးတာပဲကွာ၊ စောင့်ကြည့်ကြတာပေါ့၊ ဟာ . . . ဟော့ ကောင်တွေ ဟိုမှာကြည့်စမ်း''

''ဘာလဲဟ . . . ဟာ . . . အိမ်ခြံစည်းရိုးကို ကျော်ပြီး ကောင်မလေးတစ်ယောက် ထွက်လာပါလား''

''အေးဟ . . . အလန်းလေးပဲ၊ တိုးမောင် မင်းဘောစိ ဦးစိုးအောင်ရဲ့ သမီးလား မသိဘူး''

''မဖြစ်နိုင်ဘူးကွ၊ ဦးစိုးအောင်မှာ သမီးမှ မရှိတာ၊ အဲဒါ သူ့မိန်းမဆိုတာပဲ ဖြစ်မယ်''

''ဟေး . . . ဒီလောက်ငယ်ငယ်လေးကို ယူထားတယ် ဟုတ်လား''

''ဟုတ်မှာပေါ့၊ အဲဒါကြောင့် ဒီလူကြီး စိတ်မချဘဲ တစ်ချိန်လုံး ဖုန်းဆက်နေတာဖြစ်မယ်၊ အိမ်ထောင်မရှိဘူးဆိုရင်တော့ ငါတောင် အဲကောင်မလေးကို ကြိုက်မိမှာပဲ''

''တိုးမောင် . . . အဲဒါ မင်းအလုပ်ရှင်ရဲ့မိန်းမနော်၊ သွားပြောမှား နေနဲ့''



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ထဲရှိတာလေး ပြောမိတာပါကွာ၊ ဟာ ဟော့ကောင်တွေ … ကောင်မလေးက ဒီဘက် လျှောက်လာပြီကွ၊ ကားထဲမှာ ဝပ်နေကြ"

"ဟေး … ဟေး … မျက်နှာဖုံးတွေလည်း စွပ်ထားကြဦး"

"လာနေပြီ … လာနေပြီ၊ ဖုန်းပြောရင်း လမ်းလျှောက်လာတာကွ"

"ဘယ်မှမသွားပါဘူး ဦးရဲ့၊ ကျွန်မ အိမ်ထဲမှာပဲလေ၊ ဗိုက်နာတာနဲ့ အိမ်သာတက်ဖို့ ထလာတာ၊ အာ … ဖုန်းချည်းပဲ ဆက်နေတာပဲ၊ အိမ်သာတောင် ကောင်းကောင်းမတက်ရဘူးလား၊ ဒါပဲ … ဒါပဲ"

"ဟော့ကောင်တွေ … ကြားတယ်မဟုတ်လား၊ ကောင်မလေးက ဦးစိုးအောင်ကို ညာပြီး အပြင်လစ်ထွက်လာပုံပဲ၊ ဘယ်သွားမလို့လဲ မသိဘူး"

"သူ ဘယ်သွားသွား အရေးမကြီးပါဘူး တိုးမောင်ရာ၊ ခုလောလောဆယ် အိမ်ထဲမှာ ဘယ်သူမှ မရှိတော့ဘူး၊ ဒီတော့ ခဏခိုးဝင်ပြီး လေ့လာရအောင်"

"အေး ကောင်းတယ်၊ ကျော်ဇင် … မင်းနဲ့ငါက ကောင်မလေး ထွက်လာတဲ့ နည်းအတိုင်း ခြံစည်းကျော်ပြီး ဝင်ကြတာပေါ့၊ ထူးမော် … မင်းက ကားထဲကနေ အခြေအနေကြည့်ပြီး စောင့်နေ"

"ဒါဆိုလည်း မြန်မြန်ထက်ထက် သွားကြကွာ၊ ကောင်မလေး ပြန်လာတာတွေ့ရင် ကားဟွန်းတီးလိုက်မယ်၊ မင်းတို့ အမြန်ပြန်ထွက်ခဲ့ကြ"

"ဟာ … တီးမနေနဲ့တော့ ထူးမော်ရာ၊ ဟိုမှာ ကောင်မလေး





ပြန်လာပြီ"

"ကောင်းရောကွာ၊ အော်ပရေးရှင်းက မစရသေးဘူး၊ တစ်နေပြီ"

"မင်းကလည်းကွာ၊ ဒီလိုတော့ အခက်အခဲလေးတွေ ရှိမှာပေါ့၊ တိုးမောင် … ဒီနေ့တော့ မင်းဘောစိအိမ်က အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ ဒီတော့ ကျော်ဇင့်အပျိုကြီးအိမ်ဘက် သွားရအောင်"

"ခဏလေးပါကွာ၊ ခဏလေး"

"ဟ … ဘာလုပ်ဦးမလို့လဲ"

"ကောင်မလေးကို ကြည့်ချင်သေးလို့ကွ၊ တော်တော်ချစ်စရာကောင်းတာပဲကွာ၊ ဦးစိုးအောင်ကို လုံးဝမနာလိုဘူး"

"တိုးမောင် … နှာဘူးကျမနေနဲ့၊ အဲဒါ … မင်းအလုပ်ရှင်ရဲ့ ဇနီးမ … ဒုသနသောကွ ဒုသနသော"

"သိပါတယ်ကွာ၊ ခုလည်း အကြည့်လေးနဲ့တင် ပြစ်မှားမိတယ်ဆိုတဲ ကဲ … သွားရအောင် … ဟူး"

"ထူးမော် … မောင်းတော့"

www.burmeseclassic.com

www.burmeseclassic.com

## Sence-15

“ဒီမှာလည်း ကံမကောင်းပါလား တိုးမောင်ရာ”

“ဘာဖြစ်ပြန်ရတာလဲ ကျော်ဇင်ရာ၊ မင်းပဲ ဒီက စောင့်ကြည့်မယ် ဆိုလို့ စောင့်နေတာပဲဟာကို”

“ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ . . . ဟိုမှာ ခြံထဲကိုကြည့်လိုက် အဝတ်လှန်းနေ တာ မမဒေစီပဲ၊ ဒီနေ့ ဆိုင်မဖွင့်ဘူးလားမသိဘူး”

“ဟင် . . . ဘယ်မှာလဲ၊ တိုးမောင် မင်းယူလာတဲ့ မှန်ပြောင်း ပေးစမ်း”

“ကျော်ဇင် . . . အိတ်ထဲက ထုတ်ပေးလိုက်စမ်းကွာ”

“ရော့ . . . ရော့”





“ဟာ . . . တွေ့ပြီကွ၊ တွေ့ပြီ၊ ဘော်လီလေးတွေ တန်းစီပြီး အဝတ်လှန်းတဲ့ကြိုးမှာ လှန်းနေတာ အမိုက်စားကြီးပဲကွ”

“အရေးထဲ မင်းကတစ်မျိုး ထူးမော်ရာ၊ ငါ့မှာ အဲဒါကြီးကြောင့် စိတ်ညစ်နေပါတယ်ဆိုမှ”

“မင်းဟာ လုံးဝမိုက်သားပဲ ကျော်ဇင်၊ ငွေ့, ပေါ်နီး, မျက်စိမပါတဲ့ ကောင်”

“ဟာ . . . ဘာလဲကွာ”

“ဘာဖြစ်ရမှာလဲ၊ ဒီလောက် ပစ်ရက်စရာမရှိတဲ့ ဟစ်ဟုန်းတစ်ခဲ ကြီးကိုမှ မင်းက ထွေးထုတ်ချင်နေတာကို။ ငါသာ မင်းနေရာဆိုရင်တော့ မင်းရည်းစား ငဖောင်ရိုးကိုခေါက်ပြီး မမကြီးကို ချဉ်းကပ်မိမှာပဲ”

“အရေးထဲ နှာဘူးက ထနေသေးတယ် ထူးမော်ရာ”

“ဘာဖြစ်လဲကွ၊ ငါက မမကြီးကို ကြိုက်လို့ ကြိုက်တယ်ပြော တာပဲ၊ ငါကွာ မမကြီးကို ထိခိုက်စေမယ့် ဒီအော်ပရေးရှင်းကိုတောင် ရပ် ဆိုင်းလိုက်ချင်ပြီ”

“ဟော့ကောင် ထူးမော် . . . အဲဒီလိုလုပ်လို့တော့ မရဘူးနော် အားလုံးသဘောတူထားတဲ့ကိစ္စကို လုံးဝဖျက်လို့ မဖြစ်ဘူး”

“အေးပါကွာ . . . ငါက သဘောကို ပြောတာပါ၊ ကျော်ဇင်ရာ . . . မင်းမှာ ဒီလောက်မိုက်တဲ့ ဘောစိရှိမှန်းသိရင် ငါ အစကတည်းက မိတ်ဆက်ပေးဖို့ ပြောမိမှာပဲ”

“တော်ကြာတော့ကွာ၊ ခုနကဖြည်း တိုးမောင်က သူ့ဘောစိရဲ့ မိန်းမကို ပစ်မှားတယ်၊ ခုလည်း မင်းက အပျိုကြီးကို သွားရည်ယိုနေပြန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါကတော့ မင်းမှာက ရည်းစားရှိတာကိုး၊ ငါတို့က လူလွတ်တွေလေကွာ၊ ခံစားတတ်တဲ့ အသည်းနှလုံး ရှိတယ်ကွ"

"ဟုတ်တယ် ကျော်ဇင်၊ မင်း အဲဒါတော့ အပြစ်မပြောနဲ့ကွာ"

"တော်ကွာ . . . ငါတို့ကိစ္စက ဒါတွေကို ခံစားဖို့မဟုတ်ဘူးကွ၊ ခံစားချက်ကိုလည်း ဦးစားပေးလို့ မဖြစ်ဘူး။ တော်ကြာ အလုပ်က သေားချော် သွားဦးမယ်၊ ကဲ . . . ခု ဘာဆက်လုပ်ကြမလဲ"

"အခြေအနေကတော့ မြင်တဲ့အတိုင်းပဲလေ၊ ဒီတော့ ညဘက် ရောက်မှ ငါ့ဘောစိ မင်းနိုင်ရဲ့အိမ်ကို သွားကြည့်ကြတာပေါ့၊ အဲဒီဘဲ ညဆို အပြင်တော့ထွက်မှာပဲ"

'ဒါဆိုလည်း တစ်ဆိုင်ဆိုင်သွားပြီး ဘီယာသောက်ရင်း နားရ အောင်ကွာ"

"သွားပေါ့ . . . ဒါပဲ ရှိတော့တာပဲ"

■



## Sence-16

BURMESE CLASSIC .com

"ဟေ့ကောင် ထူးမော် . . . ညကိုးနာရီတောင်ကျော်ပြီ မင်းဘောစိ က ဘယ်လိုလဲကွ၊ အပြင်မထွက်တော့ဘူးလား မသိဘူး"

"ထွက်မှာပါ၊ အဲဒီဘဲက ညမင်းသားကွ၊ အိမ်ရှေ့မှာ သူ့ကား ရပ်ထားတာ မင်းမတွေ့ဘူးလား"

"စောင့်ရတာ စိတ်မရှည်တော့ဘူးကွာ၊ အရေးထဲ ခြင်ကလည်း ဆွဲနေသေးတယ်"

"စိတ်လျှော့ တိုးမောင် . . . စိတ်လျှော့၊ ငါတို့ အော်ပရေးရှင်းက စိတ်ရှည်ရှည်ထားဖို့ လိုတယ်"

"အေးပါကွာ . . . ငါသိပါတယ်၊ ငါတို့အလုပ်ကလည်း ဒီလို လုပ်မှဖြစ်မှာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ကောင်တွေ . . . ဟိုမှာ ငါ့ဘောစိ မင်းနိုင်ဆိုတဲ့ကောင် ထွက်လာပြီကွ၊ ငါမပြောဘူးလား . . . ဒီဘဲ အပြင်ထွက်ကိုထွက်မှာပါလို့"

"ဝူး"

"ကဲ . . . အခြေအနေကတော့ ငြိမ်သက်သွားပြီ၊ မင်းနိုင်ဆိုတဲ့ ကောင်က တော်တော်နဲ့ ပြန်လာမှာတော့ မဟုတ်ဘူး၊ ငါတို့သုံးယောက်စလုံး သူ့အိမ်ထဲ ဝင်ရအောင်"

"အေး . . . ကောင်းတယ်"

"ခြံထဲကိုတော့ ရောက်ပြီ၊ တံခါးက ပိတ်ထားတော့ အိမ်ထဲကို ဘယ်လိုဝင်ကြမှာလဲ"

"ပြတင်းပေါက်က မှန်တံခါးကို ခွဲပြီးဝင်ရင်ကော"

"ဟာ . . . အဲဒါဆို သူ့အိမ်ကို သူခိုးဖောက်တယ်လို့ ထင်သွားမှာပေ့ါ ထူးမော်ရ"

"ထင်ထင်ကွာ . . . ငါတို့သိချင်တာ သိရရင် ပြီးတာပဲ"

"မင်းတို့ကောင်တွေ ခဏနေကြပါဦးကွာ၊ မလောပါနဲ့၊ တချို့ လူတွေက အိမ်သော့ကို ပျောက်မှာစိုးလို့ အပြင်ယူမသွားတတ်ကြဘူးကွ၊ အိမ်ရှေ့တံခါးနားက ပန်းအိုးတို့, ခြေသုတ်ခုံအောက်တို့မှာ ထားတတ်ကြ တယ်၊ ဒီတော့ . . . အိမ်ရှေ့တံခါးမကြီးနားမှာ တစ်ချက်ရှာကြည့်ရအောင် ကွာ"

"အင်း . . . ငါတို့တော့ သူခိုးတွေနဲ့ တူနေပြီလားမသိဘူး"

"စကားမများကြနဲ့ကွာ၊ ရှာစရာရှိတာ အရင်ရှာကြ၊ အဲ . . . ဒီမှာ တွေ့ပြီကွ၊ ဟား ဟား . . . ဒါ သော့မဟုတ်လို့ ဘာလဲ"





"ငါပြောသားပဲ . . . တစ်နေရာမှာတော့ ရှိကိုရှိမှာပဲလို့လေ"

"လာကွာ . . . အိမ်ထဲဝင်ကြရအောင်"

'ဂျလောက်'

"မှောင်မည်းနေတာပဲကွာ၊ မီးခလုတ်ကို အရင်ရှာကြ"

"အေး . . . ရှာနေတာပဲ၊ အရေးထဲ လဒက မီးပိတ်ခဲ့သေးတယ်"

"မီတာခတွေကလည်း ဈေးတက်နေတာကိုး၊ ဒါတောင် မြစ်ဆုံ စီမံကိန်း တရုတ်တွေလက်ထဲ ပါမသွားတာပဲ ကံကောင်း"

"ဟာ . . . အဲဒီထက်ကြီးတဲ့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု သံလွင်မြစ်မှာ ထပ်လုပ်မယ်လို့ ကြားတယ်ကွ"

"လွန်ပါတယ်ကွာ၊ စီးပွားရေးနဲ့ပတ်သက်လာရင် ဒင်းတို့က ရှောာ မဟုတ်ဘူး၊ အမြီးကျက် အမြီးစား, ခေါင်းကျက် ခေါင်းစားမှာ"

'ဒုန်း!'

"အာ့"

"ဘာဖြစ်တာလဲကွ"

"ဒီမှာကွာ . . . ခုံနဲ့ ခလုတ်တိုက်မိလို့ပါ . . . အီး"

"မင်းကလည်း ကြည့်သွားလေ ကျော်ဇင်ရာ"

"ငါလန်းမှပဲ၊ ဒီလောက်မှောင်နေတာကို ကြည့်သွားလို့ရမလား"

"ချောက်!"

"ဟော . . . မီးလင်းလာပြီ"

"လင်းမှာပေ့ါ . . . မီးခလုတ်ကို ဖွင့်လိုက်တာကိုး"

"ဟာ . . . တစ်အိမ်လုံးလည်း ရှုပ်ပွနေတာပဲ၊ ဒီကောင် လူမှ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လားမသိဘူး''

''စကားများမနေနဲ့ တိုးမောင်၊ အိမ်အတွင်းဘက် အနေအထားကို ဖုန်းနဲ့ ဓာတ်ပုံတွေ ရိုက်လိုက်ဦး''

''အေးပါကွာ ... မမေ့ပါဘူး၊ ဟာ ထူးမော် ... မင်းဘောစိက အရက်သမား နှာဘူးလားမသိဘူး။ ဒီမှာ အရက်ပုလင်းခွံတွေရော ဒီဗီဒီကား တွေပါ အများကြီးပဲ''

''အဲဒါတော့ အသေအချာပဲ ဟောကောင်၊ ငမူး နှာဘူးမို့လို့ ဒီလို ညတိုင်း အပြင်ထွက်တာပေါ့''

''ထူးမော် ... ထူးမော် ... ဒီကိုလာကြည့်ဦး၊ ဒီပလတ်စတစ် အိတ်လေးထဲမှာ ဘာဆေးပြားတွေလဲ''

''ပြစမ်း ... ဟာ ... ဒါ ကြယ်သီးလို့ ခေါ်တဲ့ စိတ်ကြွဆေးတွေ ပဲကွ၊ ဒီကောင်တော့ ငမူး၊ နှာဘူးတင်မဟုတ် ဘိန်းစားဆိုတဲ့ ဂုဏ်ပုဒ်ပါ ထပ်ခေါ်ရတော့မယ်၊ ဒါ ... မင်းနိုင်ရဲ့အားနည်းချက်ပဲကွ၊ ခချိန် ရဲကို သတင်းပေးလိုက်ရင်တော့ ဒီကောင် ကွိခနဲနေမှာပဲ''

''ငါတို့ကိစ္စက ရဲထက် ကိုကျားကြီးကို အရင်သတင်းပေးရမှာ လေ''

''ဟုတ်ပါတယ် ... ဒီကောင် ထောင်ကျဖူးတယ်လို့ ငါ ကြားမိ တာကလည်း ဆေးမှုနဲ့ပဲ ဖြစ်မှာ''

''ကဲပါ ... သူ့ပစ္စည်းတွေကို နေရာမပျက် ပြန်ထားလိုက်၊ တိုးမောင် ... အဲဒီဆေးပြားတွေကိုပါ ဓာတ်ပုံတစ်ပုံလောက် ရိုက်လိုက်၊ ဟောကောင် ထူးမော် ... မင်းက အဲဒါ ဘာလုပ်နေတာလဲ''





''ဒီမှာလေ ... မင်း မတွေ့ဘူးလား၊ ဒီကောင့် သွားပွတ်တံနဲ့ ဖင်ကြားကို ပွတ်နေတာ''

''မိုက်ရိုင်းလိုက်တာကွာ''

''မသိဘူး ဟောကောင်၊ အခွင့်အရေးရတုန်း လက်စားချေရမှာပဲ၊ ဒါတောင် ဒီကောင့်အိမ်မှာ ထမင်းအိုး၊ ဟင်းအိုးမရှိလို့၊ ရှိရင် တံတွေး ထွေးပစ်ခဲ့ဦးမှာ''

''ဟာ ... ဒီကောင်တော့''

''ဟောကောင်တွေ ... ဒီမှာ ကွန်ဒုံးတွေလည်း အများကြီးပဲကွ''

''မင်းကလည်းကွာ ... ကွန်ဒုံးတွေ့တာများ အဆန်းလုပ်လို့၊ လိုချင်ရင် မင်း နှစ်ခုလောက် ယူသွားလေ ကျော်ဇင်''

''အောင်မာ ... ငါက ဘာလုပ်ရမှာလဲ''

''မသိဘူးလေ ... မင်းမှာက ရည်းစားရှိလို့ ပြောတာပါ''

''မိုက်ရိုင်းလှချည်လား''

''တော်ကြပါတော့ကွာ၊ ဟင် ... ဒီမှာ ဖုန်းတစ်လုံးပါလား၊ အဲ ... လိုင်းပါရှိတယ်ဟ၊ ဒါ ... ဒီကောင့်ရဲ့နောက်ဖုန်းတစ်လုံး ဖြစ်မယ်''

''လိုလိုမယ်မယ် ယူလာခဲ့ တိုးမောင်၊ ဒီကောင်ရဲ့အဆက်အသွယ် တွေကို သိရတာပေါ့ကွာ၊ ဥပမာ ... ဆေးဝယ်မလားဆိုပြီး ဒီကောင့်ဆီ လှမ်းဆက်တာမျိုးပေါ့''

''အေး ... ယူခဲ့မယ်လေ၊ ဒီကောင် ဖုန်းပျောက်မှန်းသိရင်တော့ လိုင်းပိတ်မှာပဲ''

''ဘာပဲဖြစ်ဖြစ်ကွာ ... လုပ်စရာရှိတာ လုပ်ပြီးရင် ပြန်ထွက်ကြ

www.burmeseclassic.com



မယ်၊ သူများ အိမ်ထဲမှာ ကြာကြာနေလို့ မကောင်းဘူးကွ''

''အေး . . . ဒိုးမယ်, ဒိုးမယ်၊ ထူးမော် . . . အိမ်ထဲက မီးတွေကို ပြန်ပိတ်လိုက်တော့''

''အေး''

'ချောက်'

■



## Sence-17

''ဟော့ကောင်တွေ . . . ငါတို့ ခုရထားတဲ့ မင်းနိုင်နဲ့ ပတ်သက်တဲ့ အတာလ်တွေကို ကိုကျားကြီးဆီ အရင်သွားပေးထားမလား''

''ဟာ . . . မပေးပါနဲ့ဦး၊ သုံးယောက်စလုံးစုံမှ သွားပေးတာပေါ့ ဒါနဲ့ ကျော်ဖင် မင်းနိုင်ရဲ့ဖုန်းက မင်းဆီမှာနော်''

''ဒီမှာ ပါ,ပါတယ်ကွ၊ ကိုယ်နဲ့မကွာ ဆောင်ထားတာပဲ''

''ဖုန်းရော လာသေးလား''

''ဘယ်သူမှမဆက်ဘူး။ မင်းဘောစိ မင်းနိုင်လည်း ဖုန်းပျောက်မှန်း သိသေးဘူးနဲ့တူတယ်''

''ဟုတ်မှာပေါ့၊ ကဲ . . . ဒီနေ့ရော ဘယ်ကို အရင်စသွားမှာလဲ''

''မနေ့က ပရိုဂရမ်အတိုင်းပဲ တိုးမောင်ရာ၊ မင်းဘောစိ ဦးမိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အိမ်ကို အရင်စသွားတာပေါ့၊ အဲဒီမှာ အောင်မြင်မှ အပျိုကြီးအိမ်ကို ထပ်သွားမယ်လေ''

''ကောင်းသားပဲကွ၊ ကဲ . . . ကဲ . . . စားစရာရှိတာ စားကြ စားပြီးရင် ဒိုးကြမယ်''

''ဘာဖြစ်လို့ ဒီလောက်လောနေတာလဲ တိုးမောင်ရာ''

''ဘာဖြစ်ရမှာလဲ ထူးမော်ရ၊ ဒီကောင်တိုးမောင်က သူ့ဘောစိရဲ့ မိန်းမကို ပြစ်မှားချင်နေလို့ ဖြစ်မှာပေါ့''

''မဟုတ်ပါဘူးကွာ၊ မင်းတို့ကလဲ''

''မဟုတ်ရင်လည်း ပြီးတာပါပဲ၊ ငါတို့က မင်းကို ငါးပါးသီလကျိုး မှာစိုးလို့ သတိပေးနေတာကွ''

''အေးပါကွာ . . . ငါ သိပါတယ်၊ ကဲ . . . ပိုက်ဆံရှင်းပြီးရင်လည်း သွားကြမယ်လေ''

''တိုးမောင်ရာ . . . လောနေပြန်ပြီ''

''ဟာ''

''ဟား . . . ဟား . . . ဟား''

■



## Sence-18

''မနေ့က အစီအစဉ်အတိုင်းပဲနော်၊ ကောင်မလေး အပြင်ကို လစ် ထွက်လာရင် ငါနဲ့ ကျော်ဇင်နဲ့က အိမ်ထဲကိုဝင်မယ်၊ ထူးမော် . . . မင်းက အပြင်ကနေ အခြေအနေကြည့်ပြီး ထူးခြားရင် ဟွန်းတီးလိုက်''

''ဘယ်နှချက် တီးရမှာလဲ''

''မင်းကလည်းကွာ . . . ဥပမာ ကောင်မလေး အိမ်ဘက် ပြန် လျှောက်လာပြီဆိုရင် တစ်ချက်တီးလိုက်၊ ငါတို့ အမြန်ပြန်ထွက်လာခဲ့မှာပေါ့''

''ဟုတ်ပြီလေ၊ တကယ်လို့ ကောင်မလေးက တစ်ခုခုဝယ်စရာ မေ့ကျန်ခဲ့လို့ဆိုပြီး ပြန်လှည့်သွားရင်ကော''

''နောက်တစ်ချက် ထပ်တီးလိုက်ပေ့ါ''

''ဒါဆို . . . ငါက ဟွန်းတွေ တစ်ချက်ပြီးတစ်ချက် တီးနေရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့က အိမ်ထဲနဲ့ အိမ်ပြင်ကို ဝင်လိုက်ထွက်လိုက်ဖြစ်နေမှာပေါ့"

"ဟာ ထူးမော်ရာ ... မင်းပြောတာနဲ့တင် တိုင်ပတ်နေပြီ"

"ကဲပါ ... မင်းတို့ စိတ်ချလက်ချသာ သွားပါ၊ ငါ အဆင်ပြေအောင် အချက်ပေးပါ့မယ်"

"ပြီးရော ... ပြီးရော၊ စိတ်ချမယ်နော် ဟော့ကောင်"

"စိတ်ချပါကွာ၊ ငါ ဒီမှာ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်စောင့်နေမှာပါ"

"အဲဒီမျက်နှာဖုံးကြီးက ပါလာသေးလား"

"အာ ... မနေ့ကပဲ ဒီကားပေါ်မှာ ရှိတာပဲဟာကို"

"စောင့်ချင်သလို စောင့်ကွာ၊ ဟာ ... ဟိုမှာ ဟိုမှာ ကောင်မလေး အပြင်ကို ခိုးထွက်လာပြီ၊ မနေ့ကလိုပဲ ဖုန်းဆက်ရင်း လျှောက်လာတာကွ"

"ကားနားက ဖြတ်သွားရင် တစ်ဖက်ကို လှည့်နေကြဟေ့"

"ဦးကလည်း အိမ်ထဲမှာပဲလေ၊ ကားသံတွေ ကြားရတာက အိမ်ရှေ့လမ်းက ဖြတ်သွားတဲ့ ကားသံတွေပါ၊ ကျွန်မက ဘယ်ကိုသွားရမှာလဲ၊ ခုတောင် ဦး ရွေးပေးခဲ့တဲ့အခွေကို ကြည့်ဖို့လုပ်နေတာ၊ ဒါပဲနော် ... ဒါပဲ"

"ကဲ ဟော့ကောင်တွေ ... ကောင်မလေးကတော့ ငါ့ဘောစိကို ပတ်ပြီး ထွက်သွားပြီကွ၊ ကျော်ဇင် လာ ... မင်းနဲ့ငါ အိမ်ထဲဝင်ရအောင်"

"အေး ... လာပါပြီ၊ ထူးမော် ... ငါတို့စိတ်ချမယ်နော်"

"စိတ်ချစမ်းပါ၊ ကဲ ... ဒီမှာ ခုပဲ မျက်နှာဖုံးစွပ်လိုက်ပြီကွ"





"ဟူး ... ကောင်မလေးကတော့ အလေ့အကျင့်ရနေလို့လား မသိဘူး ငါတို့မှာတော့ ခြံစည်းရိုးကိုတောင် မနည်းကျော်ရတယ်"

"ဟုတ်ပါ့ကွာ ... မင်းဘောစိရဲ့မိန်းမက ဟောင်ကောင်ဂျက်မထင်တယ်"

"မင်းကလည်း ပြောတော့မယ် ကျော်ဇင်ရာ၊ လာ လာ ... သွားရအောင်"

'ကျွီ'

"တော်သေးတယ်ဟာ ... အိမ်ရှေ့တံခါးမကြီးက စေ့ရုံလေး စေ့ထားခဲ့လို့"

"ကောင်မလေးက ဒီနား ဟိုနားသွားလို့ဖြစ်မှာပေါ့၊ ဟော့ကောင် ... မြန်မြန်လုပ်နော်၊ ဓာတ်ပုံရိုက်စရာရှိတာ အရင်ရိုက်"

"အေးပါ၊ မင်းလည်း အိမ်ထဲမှာ ဘာသဲလွန်စတွေ့မလဲ ရှာကြည့်ဦး"

"လန့်တယ်ကွာ"

"ဟေ ... ဘာလဲ"

"ဒီမှာလေ ကောင်မလေးတစ်ယောက်တည်း ချောင်းသာမှာ ရိုက်ထားတဲ့ဓာတ်ပုံ၊ အပျိုတုန်းကနဲ့ တူပါတယ်"

"တိုးမောင်ရာ ... မင်းကလည်း ဒါပဲ၊ အိမ်အတွင်းဘက်ကို ဝင်ကြည့်ဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဒီအိမ်ထဲမှာတော့ ထူးခြားတာတွေ့မယ်မထင်ပါဘူး၊ သွားတော့ သွားကြည့်လိုက်ဦးမယ်"

"ညောင်!"

"အမယ်လေး"

"တိုးမောင် . . . ဘာဖြစ်တာလဲ"

"ဘာမှမဟုတ်ပါဘူး . . . ကြောင်ပါ၊ ရုတ်တရက် လန့်သွားလို့"

"မင်းကလည်း မြန်မြန်လုပ်၊ ဟောကောင် . . . အချိန်သိပ်မရဘူး"

■



## Sence-19

"ဒီကောင်နှစ်ကောင်ကလည်း ကြာလိုက်တာကွာ၊ တော်ကြာ ဟိုကောင်မလေး ပြန်လာရင် တိုင်ပတ်ဦးမယ်"

"စောင့်ရတာ ပျင်းလိုက်တာ၊ သီချင်းဖွင့်ဆိုနေတာပဲ ကောင်းတယ်"

"ကဲ"

♬ ငါ့ဘဝရဲ့မီးအိမ်ရှင်ပါ ××× ငါ့ဘဝရဲ့ဖယောင်းတိုင်ရှင်လေး . . . ပါ ××× ငါ့ဘဝရဲ့ အင်ဇက်တာ ××× ငါ့ဘဝရဲ့ တော့(စ်)လိုက် ××× နှင်ဟာ ဓာတ်မီးလေးပါ ♬

"ဟူး . . . ကြာတယ်ကွာ၊ ကြာတယ်၊ ဒီကောင်တွေ ပြန်ထွက်လာအောင် ဟွန်းတီးလိုက်ရင် ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်သေးပါဘူး . . . ဒီကောင်တွေ အိမ်ထဲမှာ တစ်ခုခုသဲလွန်စ တွေ့နေလို့ဖြစ်မယ်”

“ဒီမှာမောင်ရင် . . . မင်းက ငါ့အိမ်နားမှာ ကားရပ်ပြီး ဘာလုပ်နေတာလဲကွ”

“ဗျာ . . . ကျွန်တော့်ကို ပြောတာလား”

“အမယ်လေး . . . သရဲ . . . သရဲ ကားထဲမှာ သရဲ ဂစ် . . . ဂစ်”

“ဟာ . . . ဟာ . . . ဦးလေး . . . ဦးလေး၊ ကျွန်တော် လူပါဗျ၊ သရဲ မဟုတ်ပါဘူး၊ မျက်နှာဖုံးကြီး စွပ်ထားတာပါ”

“ဂစ် . . . ဂစ်”

“ဘုန်း!”

“ဟာ . . . ဒုက္ခပါပဲ၊ ဒီလူကြီး အကြောက်လွန်ပြီး မေ့လဲသွားပြီ၊ ကားထဲက ထွက်ပြီး တစ်ခုခုလုပ်ပေးမှပဲ”

‘ဂျိုင်း!’

“ဦးလေး . . . ဦးလေး . . . ထပါဦးဗျ၊ ဟာ . . . ခေါ်လို့လည်း မရဘူး၊ ရင်ဘတ်ကိုဖိပြီး သတိပြန်လည်အောင် လုပ်ဦးမှ”

“ဦးလေး . . . ဦးလေး”

■



## Sence-20

“ဟာ ဟော့ကောင်တိုးမောင် . . . ပြတင်းပေါက်ကနေ ထူးမော်ကို လာကြည့်ဦး၊ ကားထဲက အပြင်ကိုထွက်ပြီး လူတစ်ယောက်ကို လည်ပင်းညှစ်သတ်နေတယ်ကွ”

“ဟာ . . . ဒီကောင် ဘာတွေလုပ်နေတာလဲ၊ ဟင် . . . လဲကျနေတဲ့ လူကြီးက ငါ့ဘောစိ ဦးစိုးအောင်ကွ”

“ဟေ . . . ဒါဆို ထူးမော်က မင်းဘောစိမှန်းသိလို့ လည်ပင်းညှစ်သတ်နေတာလား”

“မဖြစ်နိုင်ဘူး . . . ထူးမော်မှ ဦးစိုးအောင်ကို မသိတာ”

“ဒါဆို . . . မသိဘဲနဲ့ ဘာဖြစ်လို့ လည်ပင်းကို အတင်းညှစ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



''ဟာ . . . ကွိုင်ပဲ၊ ဟိုမှာ သူ့မိန်းမလည်း ပြန်လာပြီကွ၊ ထူးမော်တို့အနားကို ရောက်သွားပြီ၊ လာ . . . လာ . . . ကျော်ဇင် ငါတို့လည်း အိမ်အပြင် ပြန်ထွက်ပြီး လစ်ရအောင်''

''ထွက် ထွက် . . . မြန်မြန်ထွက်ပါဟ''

●

'ဒေါက်!'

■



## Sence-21

''ဦးလေး . . . ဦးလေး သတိရပြီလား''

''အင်း . . . အဲ . . . အဲ . . . အင်း''

''ဦး . . . ဦး သတိရပြီနော်''

''ဦးလေးရာ . . . ရုတ်တရက်ကြီး မေ့လဲသွားတော့ ကျွန်တော်လည်း လန့်သွားတာဗျ''

''သရဲ . . . သရဲ၊ ကားထဲက သရဲကော''

''အာ . . . သရဲမဟုတ်ပါဘူးဗျ၊ ဒီမျက်နှာဖုံးကြီးစွပ်ပြီး ကျွန်တော် ကားထဲမှာ ထိုင်နေတာဗျ''

''မင်းကွာ . . . ကြံကြံဖန်ဖန်၊ ငါ့မှာတော့ လိပ်ပြာကို လှုပ်မနေတော့ပဲ တင် . . . ဒါနဲ့ အသည်း . . . အသည်းလေးက ဒီကို ဘယ်လိုရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ''

''ဦး မေ့လဲသွားတာ မြင်လိုက်လို့ ကျွန်မလည်း အိမ်ထဲက ပြေးထွက်လာတာပေါ့၊ ဘာဖြစ်လို့ ဒီနေ့ အစောကြီး ပြန်လာတာလဲ''

''ကိစ္စရှိလို့ပေါ့၊ ဒါနဲ့ ... အသည်းလေးက ဒီကောင်နဲ့ ချိန်းထားတာတော့ မဟုတ်ပါဘူးနော်''

''ပေါက်ပေါက်ရှာရှာ ဦးရယ်၊ ကျွန်မက အိမ်ထဲမှာပဲ ရှိနေတာပါ၊ ဦး သတိပြန်ရအောင် လုပ်ပေးတဲ့ ဒီက အစ်ကိုကို အားနာစရာကြီး''

''ဘာမှအားနာစရာမလိုဘူး။ ဟေ့ကောင် ... မင်းက ငါ့အိမ်နားမှာ ကားရပ်ပြီး ဘာလုပ်နေတာလဲ၊ ဘယ်သူ့ကို စောင့်နေတာလဲ၊ မှန်မှန်ပြောနော်''

''ဩော် ... အရေးထဲ ဦးလေးက ပုလိပ်စစ် စစ်နေပြန်ပြီ၊ ကျွန်တော်က ကျွန်တော့်ကောင်မလေးနဲ့ ချိန်းထားလို့ ဒီမှာစောင့်နေတာပါ၊ ကျွန်တော့်ကောင်မလေးက ဟိုဘက်တစ်လမ်းကျော်မှာနေတာလေ၊ စုလှဲ့လှဲ့သင်းဝတီမိုးလေးတဲ့၊ ဦးလေး သိလား''

''ဘယ်သူ ... စုလှဲ့လှဲ့သင်းဝတီ ... အာ ... မသိပါဘူး၊ ဘာဖြစ်လို့ သိရမှာလဲ''

''မသိရင်လည်း ပြီးရောလေ၊ ကျွန်တော်က အဲဒီကောင်မလေးကို စောင့်နေတာဗျ၊ ဟုတ်ပြီလား''

''သေချာတယ်နော်''

''ဩော် ... ကဲ ဦးလေးကို ညာလို့ ကျွန်တော်က ဘာရမှာလဲ၊ ကဲပါ ... ကျွန်တော် ဆက်စောင့်လိုက်ဦးမယ်၊ ဦးလေးတို့သားအဖ ပြန်ချင်





ရင် ပြန်တော့''

''ဘာကွ၊ ဒီမှာ ဟေ့ကောင် ... ငါတို့က သားအဖမဟုတ်ဘူးကွ''

''ဒါဆို ... မြေးအဘိုးလားဟင်''

''ဒွိ''

''ဟေ့ကောင် ... မင်းတော့ နာတော့မယ်၊ ငါတို့က လင်မယားတွေကွ၊ သိပြီလား''

''မထင်ရဘူးနော်၊ ဒီအဆင်နဲ့ ဒီအဆင်''

''ဘာ''

''ဩော် ... မထင်လိုက်မိဘူးလို့''

''တောက် ... ဘယ်လို အူကြောင်ကြောင်နဲ့ လာတွေ့နေမှန်း မသိဘူး၊ လာ အသည်းလေး ... သွားမယ်''

''ဟုတ်''

●

''ဟူး ... တော်သေးတယ် ဟိုနှစ်ကောင်ရေ''

●



www.burmeseclassic.com

www.burmeseclassic.com



‘ကလစ် ... ကလစ် ... ဂူး’

■



## Sence-22

“ဟေ့ကောင် ထူးမော် ... ကားရပ်ဦးကွ၊ ကားရပ်ဦး”

‘ကျွို!’

“ဟာ ... မင်းတို့နှစ်ကောင်က ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ”

“အာ ... မင်း ဦးစိုးအောင်ကို လည်ပင်းညှစ်နေတော့ ငါတို့လည်း ကျိုင်တက်ပြီဆိုပြီး အိမ်ထဲက ထွက်ပြေးလာတာပေါ့၊ ဘာဖြစ်လို့ အဲလို လုပ်ရတာလဲ ထူးမော်ရာ၊ ငါ့ဘောစိ သေပြီလား”

“တိုးမောင် ... မင်း ထင်ရာ, မြင်ရာတွေ လျှောက်ပြောမနေနဲ့ ငါ ကားထဲမှာ မျက်နှာဖုံးစွပ်ပြီး ထိုင်နေတုန်း မင်းဘောစိက လာမေးတာကွ အဲဒီမှာပဲ ငါ့မျက်နှာဖုံးကို မြင်ပြီး မေ့လဲကျသွားတာ၊ ငါလည်း ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတာနဲ့ သူ့ရင်ဘတ်ကိုဖိပြီး သတိပြန်ရအောင် လုပ်ပေးနေတာပါ''

''ဒီလိုလား''

''မသိပါဘူး၊ ငါက မင်းများ ငါ့ကိုယ်စား ငါ့ဘောစိကို အပြတ်ရှင်း နေပြီလို့ ထင်လိုက်တာကွ''

''ငါက စောက်ပေါမှမဟုတ်တာ ... လုပ်ပါ့မလား''

''ဒါနဲ့ ဟိုကောင်မလေး ရောက်လာတော့''

''ဘာဖြစ်ရမှာလဲ ... မင်းဘောစိက ငါနဲ့ အဲဒီကောင်မလေးကို တောင် ချိန်းတွေ့တယ်ဆိုပြီး ထင်လိုက်သေးတယ်၊ တိုးမောင် ... တကယ် တော့ မင်းဘောစိရဲ့အားနည်းချက်က သဝန်တိုတတ်တာကွ''

''ဟုတ်တယ်၊ နောက်တစ်ချက်ကတော့ သူ ကြောက်တတ်တာပဲ''

''အေး ... ကိုကျားကြီး ပြန်ပေးဆွဲပြီးရင်တော့ သူ့ကို သရဲလို လုပ်ပြီး ခြောက်ရမယ် ... ဟား ဟား''

''ရယ်မနေကြနဲ့၊ မင်းတို့ရော အိမ်ထဲမှာ အလုပ်ဖြစ်ခဲ့ကြရဲ့လား''

''အင်း ... ဓာတ်ပုံတွေတော့ ရိုက်ခဲ့ပါတယ်၊ ဒါပေမဲ့ ... မင်း ဘောစိမင်းနိုင်အိမ်မှာလိုတော့ တရားမဝင်ပစ္စည်းတွေ မတွေ့ဘူးကွ၊ နိုင်ငံခြား ဒီဗီဒီတချို့ပဲ တွေ့တယ်''

''ငါတောင် ဓာတ်လမ်းကောင်းမယ်ထင်လို့ တစ်ချပ်'မ'လာသေး တယ်''

''ဟင် ... ဟိုအချပ်တွေ''

''ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ... ကိုကျားကြီး တောင်းဆိုတာကိုတော့ ငါတို့ တတ်နိုင်သလောက် ရှာပေးနိုင်ရင် ပြီးတာပဲ''





''ဟား ... ဒီနေ့တော့ တော်တော်ပြိုင်းသွားပြီကွာ၊ တစ်နေရာ သွားပြီး နားရအောင်''

''အေး ... ကားလည်း ဆီထည့်ရဦးမယ်ကွ''

''ဒါဆိုလည်း ... မင်းဘောစိအပျိုကြီးမမအိမ်ကို မနက်ဖြန်မှပဲ သွားကြတာပေါ့''

''ကောင်းသားပဲ၊ ဟာ ... ဟင် ... သွားပြီကွ၊ မရှိတော့ဘူး''

''ကျော်ဖင် ... ဘာဖြစ်တာလဲ၊ ဘာပျောက်လို့ ဖင်ကြားခဲ့ညှပ်သလို ပျာယာခတ်နေရတာလဲ''

''မြွေခြောက်တော့ ကိုက်ပြီ ထင်ပါတယ်ကွာ၊ ထူးမော် ... မင်း ဘောစိမင်းနိုင်အိမ်က ယူလာတဲ့ ဖုန်းမရှိတော့ဘူးကွ၊ ဘယ်နေရာမှာ ထွက်ကျသွားလဲ မသိဘူး''

''ဟာ''

''ဟင်''

■

www.burmeseclassic.com

www.burmeseclassic.com

## Sence-23

"ကျော်ဖင် ... မင်းအပျိုကြီးကတော့ ကွိုင်ပဲကွာ၊ ဒီနေ့လည်း ဆိုင်မထွက်ပြန်ဘူး"

"ပုံစံကြည့်ရတာ မင်းခွင့်ယူထားလို့ သူလည်း ဆိုင်မထွက်တာနဲ့ တူတယ်၊ မှန်ပြောင်း ခဏပေးစမ်းပါဦးဟ၊ ရှုံးလိုက်ဦးမယ်"

"ထူးမော် ... မင်း မမဒေဇီကိုများ ကြိုက်နေလားဟင်"

"ဟဲ ဟဲ ... နည်းနည်းတော့ စိတ်ဝင်စားမိတာပါကွာ၊ ပြန်ပေး ဆွဲပြီးရင်တော့ အပျိုကြီးကို သိပ်မဆုံးမကြနဲ့ကွ"

"မင်းကတော့ လုပ်ပြီ"

"ကဲပါကွာ ... ခု အပျိုကြီးအိမ်ထဲလည်း ဝင်လို့မရတော့ ဘာ ဆက်လုပ်ကြမှာလဲ"





"ဟူး ... ဘာတတ်နိုင်တော့မှာလဲကွ၊ မနက်ဖြန်ပဲ တစ်ချက် ကြည့်ရမှာပေါ့၊ အင်း ... မနက်ဖြန်ဆိုရင် ခွင့်ရက်စေ့ပြီလေ၊ ငါ အလုပ် ဆင်းမယ်ထင်ပြီး သူ ဆိုင်ဖွင့်ရင် ဖွင့်မှာပါ"

"ဒါဆိုလည်း ... မနက်ဖြန် တစ်ရက် ထပ်စောင့်ကြည့်တာပေါ့ ကွာ၊ မဟုတ်ဘူးလား"

"အင်း ... အဲလိုပဲ လုပ်ရတော့မှာပေါ့၊ ကိုကျားကြီးကတော့ ငါတို့သုံးယောက်ကို မူးမူးရူးရူးနဲ့ ပိုက်ဆံငါးသိန်း ဘလိုင်းကြီး လာပေးတဲ့ စောက်ပေါတွေလို့ ထင်နေပြီလား မသိဘူး"

"မင်းကလည်းကွာ ... အဲဒီလောက် မာန်မတက်ပါနဲ့"

"စိတ်တတ်ကျနေတာကွ"

"စိတ်လျှော့ တိုးမောင်၊ အလုပ်တစ်ခုဆိုတာ အခက်အခဲတော့ ရှိမှာပဲကွ၊ သည်းခံလေကွာ၊ အချိန်ရှိပါသေးတယ်"

"ဟုတ်ပါပြီကွာ"

■

www.burmeseclassic.com

www.burmeseclassic.com

## Sence-24

'ဒုန်း! ... ဒုန်း! ... ဒုန်း!'

"အသည်းလေးရေ ... အသည်းလေး။ ရေချိုးနေတာပဲ ကြာလှပြီ ခုထိ မပြီးသေးဘူးလား"

"အာ ... ဦးကလည်း ကျွန်မက ရေချိုးရင် ကြာတတ်တာပဲ ဟာကို ... ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ၊ ဒီမှာ ကိုကြီး အလုပ်သွားတော့မယ်လေ"

"အလုပ်သွားတာပဲ ... ကိုယ့်ဟာကိုယ် သွားပါလားလို့"

"ဩော် အသည်းလေးရယ် ... ကိုကြီးက အလုပ်မသွားခင် အသည်းလေးကို အာဘွားပေးပြီးမှ သွားတတ်တာ သိသားနဲ့"

"ဒါဆိုလည်း စောင့်နိုင်ရင်စောင့်၊ ကျွန်မကတော့ ပုံမှန်အတိုင်း





ချိုးမှာပဲ"

"စောင့်မယ် ... စောင့်မယ်"

"အင်း ... အလုပ်သွားတော့မယ်ဆိုတော့ ဘာတွေလိုသေးလဲ၊ ဖိုင်တွေလည်း စုံပြီ၊ ပိုက်ဆံအိတ်၊ ကားသော့၊ ဖုန်း ... အားလုံးလည်း ရှိပြီ၊ ဟာ ... မေ့လို့၊ ကိုနေစေးမှာထားတဲ့ ဟိုအားဆေးကို မေ့နေတာ၊ အဲဒါလေး ရှာပြီး ယူသွားဦးမှပဲ"

"အာ ... ငါ အဲဒီဆေးပုလင်းကို ဘယ်မှာထားမိပါလိမ့်၊ ဘယ် ချောင်ဝင်နေလဲ မသိဘူး။ စားပွဲအောက်မှာများ ကျနေလားမသိဘူး၊ မှန်း စမ်း ... ဟင်"

"ဟင် ... ဖုန်း ... ဖုန်းတစ်လုံးပါလား။ ဟာ ... ဖုန်းက အကောင်းကြီးပဲ၊ ဟင် ... ခေါ်ထားတဲ့ ကောလ်တွေလည်း မနည်းဘူး။ တောက် ... ဒါ ... ဒါ ... ဟိုကောင်မ လင်ငယ်နဲ့ အဆက်အသွယ်လုပ်တဲ့ ဖုန်းပဲ ဖြစ်ရမယ်၊ တွေ့ကြသေးတာပေါ့ကွာ"

●

'ဂွ!'

●



www.burmeseclassic.com

www.burmeseclassic.com



''ဦး ... ကျွန်မကို စောင့်နေသေးတာလား၊ ဟင် ... ရှိလည်း မရှိတော့ဘူး၊ ဘယ်အချိန်က ထွက်သွားပါလိမ့်၊ ကောင်းတာပေါ့ ... ငါ သက်သာတယ်''

●

'တီ ... တီ ... တီ ... တီ'

''တောက်! ... ငါ အလုပ်သွားပြီထင်လို့ ဖုန်းခေါ်တာပဲဖြစ်မယ် ... ဟဲလို ... ပြောပါ''

''ဟုတ်ကဲ့ ... အဲဒါ ကျွန်တော့်ဖုန်းပါ ခင်ဗျ။ ပျောက်သွားတာ ခုမှသိလို့ လှမ်းဆက်ကြည့်တာ''

''အေး ... ငါ ကောက်ရထားတယ်''

''ကျေးဇူးပါပဲဗျာ၊ ကျွန်တော်က ကောင်မလေးတစ်ယောက်ဆီမှာ များ ကျန်ခဲ့လားလို့၊ ဟို ... ဖုန်းလေး လာယူလို့ ရမလားခင်ဗျာ၊ ကျေးဇူး ဆပ်ပါ့မယ်''

''ရပါတယ်ကွ၊ ငါပဲ လာပေးပါ့မယ်၊ မင်းနာမည်နဲ့အိမ်လိပ်စာပြော''

''မင်းနိုင်ပါခင်ဗျ၊ လိပ်စာက ......''

●





''ဦးလေး ... ဘာအလိုရှိလို့လဲ ခင်ဗျ''

''အသွားရှစ်လက်မလောက်ရှိတဲ့ စတီးလ်ဓားတစ်ချောင်းလောက် ရောင်းပါ''

''ဟုတ်ကဲ့ ... ထောင့်ရှစ်ရာပါ''

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-25

"ငါတို့ ဒီနေ့တော့ အစီအစဉ်ပြောင်းမှ ဖြစ်တော့မယ်ကွ"

"မင်းက ဘာကိုဆိုလိုချင်တာလဲ ထူးမော်"

"ဒီလိုကွာ . . . ခုဆို ဟိုနှစ်ယောက်ရဲ့အကြောင်းတွေကိုတော့ သိသင့်သလောက် သိပြီးပြီလေ၊ ဒီတော့ ကျော်ဖင်ရဲ့အပျိုကြီးမမအကြောင်းပဲ သိရဖို့ ကျန်တော့တယ်၊ ဒီကြားထဲ ငါ့ဘောစိမင်းနိုင်ဆီက ယူလာတဲ့ ဖုန်းလည်း ပျောက်သွားတယ်မဟုတ်လား၊ အဲဒီတော့ ငါ စဉ်းစားမိတာက ဒီနေ့ တစ်နေရာတည်းကို သုံးယောက်စလုံးမသွားဘဲ တစ်ယောက်တစ်နေရာစီ ခွဲပြီးစောင့်ကြည့်ရင် ကောင်းမလားလို့"

"မင်းအကြံက မဆိုးဘူး ထူးမော်၊ ဒါဆိုရင် . . . ငါတို့ ဘယ်လိုလုပ်ခွဲကြမလဲ"





"ဒီလိုလုပ်မယ် ကျော်ဖင်ရာ၊ ငါက မင်းရဲ့ဘောစိအပျိုကြီးအိမ်ကို သွားစောင့်ကြည့်မယ်၊ မင်းက တိုးမောင်ရဲ့ဘောစိ ဦးစိုးအောင်အိမ်ကို သွား၊ တိုးမောင်ကတော့ ငါ့ဘောစိမင်းနိုင်ရဲ့အိမ်နားကို သွားပြီး အခြေအနေ ကြည့်လိုက်"

"ပြီးရောလေ၊ ဒါပေမဲ့ . . . ကားက တစ်စီးပဲရှိတာဆိုတော့ ဘယ်သူက ကားယူသွားမလဲ"

"ဟာ . . . ငါ ကားမမောင်းတတ်ဘူးကွ၊ မင်းတို့နှစ်ယောက်ထဲက တစ်ယောက် ကားယူသွားလိုက်၊ ငါ တက်စီနဲ့ပဲ လစ်လိုက်မယ်"

"ကဲ ကျော်ဖင် . . . မင်းက ကားမောင်းလို့ မဖြစ်ဘူးဆိုတော့ တိုးမောင် မင်းပဲ ကားယူသွားလိုက်၊ ငါလည်း ကျော်ဖင်လို တက်စီနဲ့ပဲ ဒိုးလိုက်မယ်၊ သုံးယောက်စလုံး ဖုန်းပါတာပဲကွာ၊ ထူးခြားရင် ဖုန်းဆက်လိုက်ပေါ့"

"ပြီးရော . . . ဒါဆိုလည်း အချိန်ရှိတုန်း သွားကြရအောင်"

"ကျော်ဖင် . . . မင်းက တိုးမောင်ရဲ့ဘောစိ ဦးစိုးအောင်ရဲ့အိမ်နော်"

"သိပါတယ်၊ မင်းက အပျိုကြီးအိမ်မလား"

"အေး . . . ဟိုကောင် တိုးမောင်ကတော့ ငါ့ဘောစိမင်းနိုင်ရဲ့ အိမ်ကို သွားလိမ့်မယ်"

"ကဲ . . . ဒါဆိုရင်လည်း သွားကြရအောင်ဟေ့"

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-26

"တိုးမောင် ... အခြေအနေ ဘာထူးလဲကွ"

"လောလောဆယ်တော့ မထူးသေးပါဘူး ထူးမော်ရာ၊ မင်းဘောစိ မင်းနိုင်လည်း မူးနေလားမသိဘူး၊ အိမ်ရှေ့ ထွက်၊ ထွက်လာပြီး ယိုင်ထိုး ယိုင်ထိုးနဲ့၊ ဖုန်းဆက်နေတာပဲကွ"

"ဒါနဲ့ ... မင်းရော အပျိုကြီးအိမ်မှာ ဘာထူးသေးလဲ"

"မထူးဘူး ဟော့ကောင် ... အပျိုကြီးကတော့ လောလောဆယ် အိမ်ထဲမှာပဲ ရှိသေးတယ်ကွ၊ ဟိုကောင် ကျော်ဇင့်ဆီကို ဖုန်းဆက်ကြည့်လိုက်ဦး"

"အေး ... ဆက်လိုက်မယ်၊ အခြေအနေထူးခြားရင် မင်းဆီကို ဖုန်းလှမ်းထိုးလိုက်မယ်"





"ပြီးရော ... မင်းလည်း ထူးခြားရင် ဖုန်းသာ လှမ်းထိုးလိုက်၊ ဒါပဲ"

"အေး"

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-27

"ကျော်ဇင် ... ဘာထူးလဲကွ၊ မင်းဖုန်းကလည်း ခေါ်လို့ကို မရဘူး"

"မထူးပါဘူး တိုးမောင်ရာ ... မင်းဘောစိ ဦးစိုးအောင်အိမ်ရဲ့ အခြေအနေကတော့ ငြိမ်သက်နေတာပဲ"

"အေးကွာ ... ဒီမှာလည်း မထူးပါဘူး၊ ဟိုကောင် ထူးမော်ဆီကို ဖုန်းခေါ်လို့ မရပြန်ဘူးကွ၊ ဒီကောင် ဘာများဖြစ်နေလဲမသိဘူး၊ ဟာ ... ကျော်ဇင် ... ခဏ ... ခဏ ... ဖုန်းကိုင်ထားဦး၊ ခု ဟိုကောင် ထူးမော်ရဲ့ဘော်စိမင်းနိုင်ရဲ့အိမ်ရှေ့ကို ငါ့ဘောစိ ဦးစိုးအောင် ကားနဲ့ ရောက်လာတယ်ကွ"

"ဟာ ... ဘယ်လိုဖြစ်တာလဲ"





"မသိသေးဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဟာ ... ဟော့ကောင် တံခါးခေါက်လိုက်တော့ မင်းနိုင်ဆိုတဲ့ကောင် ထွက်လာတယ်ကွ၊ ခဏလေး ... ဦးစိုးအောင်က မင်းနိုင်ကို စကားတစ်ခွန်း နှစ်ခွန်းပြောပြီး ဖုန်းတစ်လုံးကို လှမ်းပေးလိုက်တယ်၊ ပြီးတော့ ... ဟာ"

"ဘာ ... ဘာဖြစ်တာလဲ တိုးမောင်"

"ကွိုင်တော့ အကြီးအကျယ်တက်ပြီ ကျော်ဇင်ရာ၊ ဦးစိုးအောင်က မင်းနိုင်ကို မပြောမဆို ဓားနဲ့ထိုးလိုက်လို့ကွ"

"ဟေ"

"မင်းနိုင်တော့ အိမ်ရှေ့မှာပဲ လဲကျသွားပြီ ဟော့ကောင်၊ သေလားရှင်လားတော့ မသိဘူး၊ ငါ ... ငါ ဘာဆက်လုပ်ရမှာလဲ ဟော့ကောင်"

"တိုးမောင် ... မင်း စိတ်ကို ငြိမ်ငြိမ်ထား၊ ပြီးရင် ... မင်းဖုန်းနဲ့ အဲဒီမြင်ကွင်းကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ထားလိုက်၊ ပြီးတာနဲ့ ... မင်း ငါတို့ဆုံနေကျဆိုင်ကို လာခဲ့တော့၊ ငါ ထူးမော်ဆီကို ဖုန်းရအောင် ဆက်ထားလိုက်မယ်"

"အေး ... အေး"

"ဖျတ်!"



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ရင်းနှီးပြီး ဆိုင်တစ်ဆိုင်ကို ရောက်သွားတာ ... အဲဒီ"

"ထူးမော်ရာ ... ဒီမှာ ကျိုင်တက်နေရတဲ့ကြားထဲ မင်းက တစ်မျိုး အစီအစဉ်တွေက အားလုံးလွဲချော်ကုန်ပြီကွ၊ ခု ... မင်းဘောစိ မင်းနိုင် လည်း သေလား၊ ရှင်လား မသိဘူး၊ ငါ့ဘောစိ ဦးစိုးအောင်ကတော့ တရားခံဖြစ်ပြီ"

"ကဲပါ ... အဲဒီလောက် သွေးပူမနေကြနဲ့၊ ခုလောလောဆယ် မင်းဘောစိမင်းနိုင်ရဲ့အခြေအနေကို အရင်စုံစမ်းရအောင် ဖုန်းတစ်ချက် လှမ်းဆက်ကြည့်စမ်း ထူးမော်"

"အေးပါ ... ဆက်လိုက်မယ်၊ ဟဲလို ..."

"..............................."

"ဟော့ကောင်တွေ ... မင်းနိုင်က ဆေးရုံရောက်နေပြီကွ၊ သေတော့ မသေဘူးတဲ့"

"ဟာ ... ဒါဆို ဦးစိုးအောင်တော့ သွားပြီပေါ့၊ ငါတို့ဆေးရုံကို လိုက်သွားကြည့်ရအောင်"

"အေး ... ကောင်းတယ်"

■



www.burmeseclassic.com

## Sence-28

"ကဲ ... ဘယ်လိုလုပ်ကြမလဲ၊ ငါလည်း လန့်ပြီး ကားမောင်း ထွက်လာခဲ့တာပဲ၊ အရေးထဲကွာ ... ဦးစိုးအောင်နဲ့ မင်းနိုင် ဘာရန်ငြိုး ရန်စများ ရှိလဲမသိဘူး"

"အဲဒါတွေကိုပြောမနေနဲ့ တိုးမောင်၊ ခု အခြေအနေက ရှုပ်ထွေး ကုန်ပြီ၊ ဒါနဲ့ ... ထူးမော် မင်းဖုန်းကရော ခုနက ဘာဖြစ်လို့ ခေါ်လို့မရတာ လဲ"

"အဟဲ ... အဲဒါက ဒီလိုကွာ၊ ငါလည်း အပျိုကြီးနားမှာ စောင့် ကြည့်နေတာပဲ၊ အပျိုကြီးက အိမ်ထဲကနေ ထွက်လာတယ်ကွ၊ ငါ ကြည့် နေချိန်တုန်းမှာပဲ အပျိုကြီးက လမ်းပေါ်မှာ ခြေခေါက်ပြီး လဲကျသွားတာ ငါလည်း ဘာလုပ်ရမှန်းမသိဘဲ ပြေးထူလိုက်ရတာပေါ့၊ အဲဒီမှာပဲ မမအေးနဲ့

www.burmeseclassic.com

''လုပ်စရာရှိတာ လုပ်ထားပြီးရင်တော့ အနားယူလိုက်ဦး ကိုမင်းနိုင်ရာ၊ အလုပ်ရှုံကိုတော့ ကျွန်တော်ပဲ ဂရုစိုက်လိုက်ပါ့မယ်''

''ကျေးဇူးပါပဲဗျာ၊ တစ်ချက်လောက်တော့ ဂရုစိုက်ပေးပါဦး။ ဒါနဲ့ သူတို့တွေက''

''ဪ . . . သူတို့က ကျွန်တော့်သူငယ်ချင်း ကျော်ဖင်နဲ့ တိုးမောင်ပါ''

''အင်း . . . အင်း . . . တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် နေကောင်းမှ ဆုံကြတာပေါ့''

''ရပါတယ်ဗျာ၊ ခင်ဗျား သက်သာသလိုပဲ နေပါ၊ ထူးမော် . . . ဒါဆိုလည်း ငါတို့ သွားရအောင်''

''အေး . . . အေး၊ ကိုမင်းနိုင် . . . ဒါဆို ကျွန်တော်တို့ လစ်လိုက်ဦးမယ်၊ နောက်နေ့မှပဲ ထပ်လာခဲ့မယ်ဗျ''

''ကောင်းပါပြီဗျာ''

■



## Sence-29

''ကိုမင်းနိုင်ရာ . . . ဘယ်လိုဖြစ်ရတာလဲ၊ မသေကောင်း မပျောက်ကောင်းဗျာ''

''အေး . . . ကိုထူးမော်ရာ . . . ကျွန်တော်လည်း ညက များသွားလို့ ခေါင်းကိုက်ဖြေရင်း မနက်ပိုင်းကပဲ မူးနေတာဗျ၊ မှတ်မိတာကတော့ ကျွန်တော်ပျောက်သွားတဲ့ ဖုန်းကို လူတစ်ယောက်က လာပေးမယ်ဆိုပြီး ဖုန်းဆက်တာပဲ၊ အဲဒီနောက်ပိုင်းတော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး''

''ဟာဗျာ . . . ဒါဆိုရင် ခင်ဗျားကို ဓားနဲ့ထိုးသွားတဲ့လူကို လုံးဝ မမှတ်မိဘူးပေါ့''

''အမှန်ပဲ ကိုထူးမော်ရာ၊ ခုလောလောဆယ်တော့ အမှုပဲ ဖွင့်ထားလို့ ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ် . . . ဖြစ်ပါ့မလားကွာ"

"အာ . . . ဒါကတော့ အကျိုးအကြောင်း ပြောပြပြီး ပြန်တောင်းရမှာပေါ့၊ လာကွာ . . . ကြာတယ်၊ ခုပဲ သွားရအောင်"

"သွားကွာ"

■



## Sence-30

"ဒီအတိုင်းဆိုရင် ငါတို့ တစ်ခုခုလုပ်မှဖြစ်တော့မယ် တိုးမောင်"

"မင်း . . . ဘာလုပ်ချင်လို့လဲ"

"ဟာ . . . ဖြစ်သွားတဲ့ကိစ္စက ရာဇဝတ်မှုလေ၊ ဒီတော့ . . . ငါတို့ရဲ့ဘောစိပရိုဂရမ်ကို ဖျက်ပြီး ဒီအမှု အမှုမှန်ပေါ်ပေါက်ဖို့အတွက် လုပ်ရတော့မှာပေါ့"

"အေးလေ . . . ငါတို့ရဲ့ပရိုဂရမ်ကလည်း မှူးမှူးရှူးရှူးနဲ့ စီစဉ်ခဲ့ပေမယ့် ထင်ထားသလိုမှ ဖြစ်မလာတာလေ၊ ဒီတော့ . . . ပရိုဂရမ်ကို ဖျက်ပြီဆိုရင် ပထမဆုံး လုပ်ရမှာက ကိုကျားကြီးဆီကို သွားပြီး အလုပ်မလုပ်ဖြစ်တော့ဘူးလို့ ပြောမယ်၊ ပြီးရင် . . . စရန်ငွေ ငါးသိန်း ပြန်တောင်းလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## Sence-31

"အဖြစ်အပျက်တွေကတော့ အဲဒီအတိုင်းပဲ ကိုကျားကြီးရာ၊ ကျွန်တော်တို့ရဲ့အစီအစဉ်လည်း ဖျက်လိုက်ပြီဆိုတော့ ဟို . . . စရန်ငွေငါးသိန်းကို ပြန်ပေးနိုင်မလားလို့"

"ဘာကွ . . . အလုပ်ဖြစ်တာ,မဖြစ်တာက မင်းတို့ကဏ္ဍပဲလေ၊ ငါတို့ လူမိုက်လောကမှာတော့ စရန်ငွေကို ပြန်ပေးရိုးထုံးစံ မရှိဘူးကွ၊ မင်းတို့က ဘာလဲ . . . ခြသေ့်ခေါင်းပေါ်မှာ သရဖူ လာတင်ပေးပြီးမှ ခွေးလည်ပတ် လာစွပ်ချင်တာလား။ စောက်ပေါမဟုတ်ဘူးနော်၊ ဒီမှာကြည့် . . . အရုပ်တွေနဲ့"

"ဟာ . . . အဲဒီလို သဘောတော့ မဟုတ်ပါဘူး၊ ခင်ဗျားကြားတဲ့ အတိုင်း မထင်တာတွေက ဖြစ်သွားတော့လေ"





"ဘာမှလာရှင်းပြမနေနဲ့တော့ကွာ၊ မင်းတို့ ပြန်ကြတော့၊ ကြာရင် ဒီအနားမှာရှိတဲ့ကောင်တွေက မင်းတို့ကို ဝိုင်းဘောလိမ့်မယ်"

"ဗျာ"

"ဟော့ကောင် တိုးမောင် . . . သွားမယ်ကွာ၊ ပိုက်ဆံငါးသိန်းလောက်ကို လွမ်းမနေနဲ့တော့၊ ငါတို့မှာ တခြားလုပ်စရာတွေ ရှိသေးတယ်"

"ပြီးရောကွာ၊ ကိုကျားကြီး . . . ကျွန်တော်တို့ ပြန်မယ်၊ အဲဒီပိုက်ဆံငါးသိန်းကိုလည်း ခင်ဗျားကို လှူတယ်လို့ သဘောထားလိုက်တော့"

"အကောင်းဆုံးပေါ့ကွာ၊ နောက်ဆိုရင် သေချာမှ အလုပ်လာအပ်ကြားလား . . . ဟား ဟား"

"တောက်!"

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## Sence-32

"ကဲ . . . ပရိုဂရမ်လည်း ပျက်သွားပြီ ငါတို့ရဲ့ စရန်ငွေတွေလည်း ပြန်ရစရာလမ်း မရှိတော့ဘူးဆိုတော့ ဘာဆက်လုပ်ကြမလဲ"

"ရှင်းနေတာပဲ တိုးမောင်ရာ၊ ဘာဆက်လုပ်ရမှာလဲ၊ မင်းနိုင်နဲ့ ဦးစိုးအောင်တို့ အမှုမှန်ပေါ်ပေါက်ရေးအတွက်ပဲ ဆက်လုပ်ရမှာပေါ့"

"ဒီတော့"

"ရှင်းနေတာပဲ ကျော်ဇင်ရာ . . . ငါတို့ဆီမှာ အခင်းဖြစ်ပွားတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံ ရှိတယ်လေ၊ အဲဒါ အကောင်းဆုံးသက်သေပေါ့၊ ခု . . . ငါတို့တွေ အကုန်လုံး ဦးစိုးအောင်ရဲ့အိမ်ကို သွားမယ်၊ အဲဒီဓာတ်ပုံကို ပြပြီး ဝန်ခံခိုင်းမယ်ကွာ၊ မပြီးဘူးလား"

"ဝန်ခံခိုင်းတာကတော့ ဟုတ်ပါပြီ ဒါပေမဲ့ . . . သူပြောတဲ့စကား





ကို သက်သေအဖြစ် အသံဖမ်းထားဖို့တော့ လိုမယ်ကွ"

"အဲဒါက ကိစ္စမရှိပါဘူးကွာ၊ ငါ့ဆီမှာ ရက်ကော်ဒါ ရှိပါတယ်၊ သူ့အိမ်ကို သွားတဲ့အချိန် ဖွင့်ထားလိုက်ရုံပဲ"

"အေး . . . ကောင်းတယ်၊ အဲဒီကိစ္စတော့ မင်းတာဝန်ယူ တိုးမောင်"

"စိတ်ချစမ်းပါကွာ"

"ဒါဆိုလည်း ဒီညနေ မင်းဘောစိ ဦးစိုးအောင်အလုပ်ဆင်းလို့ အိမ်ပြန်ရောက်တဲ့အချိန် သွားရအောင်"

"အကောင်းဆုံးပဲ ကျော်ဇင်"

■



www.burmeseclassic.com

www.burmeseclassic.com

## Sence-33

“ဟာ . . . အိမ်တစ်အိမ်လုံးလည်း မှောင်မည်းနေပါလား တိုးမောင်ရာ၊ မင်းဘောစိ အိမ်ပြန်ရောက်တာ သေချာလို့လား”

“ဒီအချိန်လောက်ဆိုရင်တော့ သေချာပေါက် ရောက်ပါပြီကွာ၊ ရုံးဆင်းပြီးလို့ တစ်နာရီလောက်တောင် ကျော်နေပြီပဲဥစ္စာ”

“ဒါဆိုလည်း သွားကြတာပေါ့”

“ဟင် . . . ခြံတံခါးကြီးကလည်း ပွင့်နေပါလား”

“ပိုပြီ အဆင်ပြေတာပေါ့ကွာ၊ တိုးမောင် . . . မင်းဆီက ရက်ကော်ဒါကို အသင့်ဖွင့်ထားနော်”

“အေးပါ”

■



## Sence-34

“ဟေး! ”

“ဟာ . . . မီးတွေ လင်းလာပါလား၊ ဟော့ကောင် တိုးမောင် . . . ဘာဖြစ်တာလဲ၊ အိမ်ထဲမှာ လူတွေကလည်း အများကြီး”

“မသိဘူးလေကွာ . . . ဟာ”

●

“ဟင် . . . ရှင်တို့က ဘယ်သူတွေလဲ မသိဘူး၊ ဦး . . . ဦးနိုးအောင် ဖိတ်ထားလို့လားရှင့်”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... မဖိတ်ထားပါဘူး။ ကျွန်တော်က ဦးစိုးအောင်ရဲ့ ကုမ္ပဏီက တိုးမောင်ပါ၊ ဒီမှာ ဘာတွေဖြစ်နေကြတာလဲ"

"သြော် ... ဒီနေ့က ရှင်တို့သူဌေး ဦးစိုးအောင်ရဲ့မွေးနေ့လေ၊ သူပြန်လာရင် အံ့ဩသွားအောင်ဆိုပြီး စီစဉ်ထားတာပါ၊ ကျွန်မက သူ့ဇနီး သက်ထားရွှေစင်ပါရှင့်"

"အရမ်းလှတာပဲ"

"ရှင်"

"သြော် ... နာမည်လေးကို ပြောတာပါ၊ လူနဲ့လည်း လိုက်တယ်နော်"

"အာ ... ရှင်ကလည်း။ ကဲပါ ... ရှင်တို့လည်း ရောက်တုန်းရောက်ခိုက်ဆိုတော့ ကျွန်မသူငယ်ချင်းတွေနဲ့ ဦးကို စောင့်လိုက်ပေါ့၊ ဟဲ့ ... မီးပြန်ပိတ်လိုက်တော့"

●

"မှောင်သွားတာတောင် ... မသက်ထားက လှနေသေးတယ်နော်"

"အို ... ကိုတိုးမောင်ကလည်း ကျွန်မက အမြှောက်ကြိုက်တယ်နော်"

"မမြှောက်ပါဘူးဗျာ၊ အတည်ပြောတာပါ"





"အိုး ... တော်ပါ"

●

"အသည်းလေးရေ ... အသည်းလေး"

"ဟေး!"

"ဟက်ပီးဘတ်ဒေးပါ ဦးစိုးအောင်"

"ဟာ ... ဘာတွေလဲကွ"

"သြော် ... ဦးကလည်း ... ဦးမွေးနေ့မှာ အံ့ဩသွားအောင် လုပ်တာလေ၊ ဒီမှာ ဦးရုံးက ကိုတိုးမောင်တို့လည်း ရောက်နေတယ်"

"ပြီးရောကွာ၊ တိုးမောင် ... မင်းက ရုံးကိုမလာဘဲ ဒီကိုဘာလာလုပ်တာလဲ၊ ဟင် ... ဟို ... ဟိုကောင်က ငါနဲ့ တစ်ခါဆုံဖူးတဲ့ သရဲမျက်နှာဖုံးစွပ်နဲ့ ကောင်ပါလား"

"ဟုတ်ကဲ့၊ ကျွန်တော်က ထူးမော်ပါ၊ ခုလည်း တိုးမောင်ခေါ်လို့ လိုက်လာတာပါ"

"ဘာကွ၊ တိုးမောင် ... မင်းကရော ဘာကိစ္စနဲ့ လာတာလဲ"

"ရှင်းအောင်ပြောရရင်တော့ မင်းနိုင် ဓားထိုးခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရောက်လာတာပါ၊ ဆရာနဲ့ စကားပြောဖို့ လိုမယ်ထင်လို့"

"ဘာကွ ... ဟင်း ဟင်း၊ အဲဒီအကြောင်းဆိုရင်တော့ မင်းတို့တွေ ငါ့အခန်းထဲကို လိုက်ခဲ့ကြ၊ အေးအေးဆေးဆေး ပြောကြတာပေါ့"

www.burmeseclassic.com

"ဦး ... ဘာပြဿနာ ရှိလို့လဲဟင်၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

"ဘာမှမဖြစ်ပါဘူး အသည်းလေးရယ်၊ ဟော့ကောင်တွေ ... ငါ့နောက်က လိုက်ခဲ့ကြ"

"ကောင်းပြီလေ ... ဆရာ ရှေ့က သွားပါ"

●

"ကိုတိုးမောင် ... ခဏ ခဏ၊ ဦး ... ဦးမှာ ဘာပြဿနာ ရှိနေလို့လဲရှင်၊ ဖြစ်နိုင်ရင် ကျွန်မကို ပြောပြပါလား"

"ဟူး ... မသက်ထားရယ် ... ပြဿနာကတော့ နည်းနည်းကြီးတယ်ဗျ၊ သိပ်သိချင်တယ်ဆိုရင်လည်း ပြောပြရတာပေါ့၊ ဟော့ကောင်တွေ ... မင်းတို့ ဦးစိုးအောင်နောက်ကို လိုက်သွားလိုက်"

"အေးပါ၊ မင်းလည်း ကြာမနေနဲ့"

"သိပါတယ်၊ ဒီလို မသက်ထားရဲ့ ... ... ... ... ... ... ... ... ... ... ... ... ... ..."

■



## Sence-35

"ကဲ ... ဆိုကြစမ်းပါဦး၊ မင်းနိုင်ဆိုတဲ့ကောင် ဓားထိုးခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို မင်းတို့က ဘာပြောချင်လို့လဲ"

"သိပ်ပြောစရာတော့ မရှိပါဘူး ဦးစိုးအောင်၊ ကျွန်တော်တို့ အမှုမှန်ကို ပေါ်ပေါက်စေချင်လို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဦးစိုးအောင် မင်းနိုင်ကို ဓားနဲ့ထိုးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ထဲက တစ်ယောက်ရှိနေတယ်"

"ဟား ဟား ... ရူးလိုက်တာကွာ၊ ကဲ ... ဒါဆို မင်းတို့ဆီမှာ ဘာသက်သေများ ရှိလို့လဲ၊ ပြောစမ်းပါဦး"

"ရှိတာပေါ့ဗျာ၊ ဒီမှာကြည့် ... ခင်ဗျားတပည့် တိုးမောင်ရဲ့ဖုန်းထဲမှာ ရိုက်ထားတဲ့ဓာတ်ပုံ ရှိတယ်ဗျ"

"ဩော် ... ဟုတ်လား၊ ပြစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



''ရော ... ကြည့်''

''ဟား ... တကယ်ကို ရိုက်ထားပါလားကွ၊ ဟုတ်တယ်ကွာ၊ အဲဒီ မင်းနိုင်ဆိုတဲ့ကောင်ကို ငါ့မိန်းမနဲ့ ဖောက်ပြန်လို့ဆိုပြီး ဓားနဲ့ အသေထိုးသတ်ခဲ့တာကွ၊ ဒါပေမဲ့ ... မင်းတို့ရဲ့ သက်သေဆိုတဲ့ ဒီဓာတ်ပုံကို ငါ ခုပဲ ဒလိလုပ်လိုက်ပြီကွာ၊ ကဲ ... ဘာတတ်နိုင်သေးလဲ''

''ဟာ ... ခင် ... ခင်ဗျားကြီး''

''ဟား ... ဟား ... ပြောလေကွာ ... မင်းတို့ဆီမှာ ဘာသက်သေများ ရှိသေးလဲလို့''

''သိပ်ရှိတာပေါ့ ဦးစိုးအောင်၊ ခုနက ခင်ဗျားပြောခဲ့တဲ့စကားတွေကို ရက်ကော်ဒါနဲ့ အသံဖမ်းထားပြီဗျ၊ ခင်ဗျား ဝန်ခံသလို ဖြစ်သွားတာပေါ့ဗျာ''

''ဟေ''

''ဟော့ကောင် ထူးမော် ... စွတ်ပြောမနေနဲ့၊ ရက်ကော်ဒါက ဟိုကောင်တိုးမောင်ဆီမှာကွ၊ ဒီကောင် ... ခုထိ ရောက်မလာသေးဘူး''

''ဟာ ... ဒုက္ခပါပဲ''

''ဟော့ကောင်တွေ ... ခုမှတော့ မင်းတို့လည်း သေဖို့ပြင်တော့၊ ငါ မင်းနိုင်ကို ဓားနဲ့ထိုးခဲ့တယ်ဆိုတဲ့ သက်သေဟာ မင်းတို့ပဲ ရှိတော့တယ်၊ ဒီတော့ မင်းတို့ကိုလည်း အပြတ်ရှင်းပစ်ရတော့မှာပဲ''

''ဟင် ... ဦးစိုးအောင် ... ခင်ဗျား ဘာ ... ဘာလုပ်မလို့လဲ''

''သေနတ်ယူမလို့လေကွာ၊ ဟား ဟား ... မင်းတို့ ဘာတတ်နိုင်သေးလဲ''





''ဟာ ... ဟော့ကောင် ကျော်ဇင် ... ပြေးတော့''

''ဟိုကောင် တိုးမောင်ကိုရှာဦး''

''ဟော့ကောင်တွေ''

●

''တိုးမောင် ... မင်းက စောက်တလွဲပဲကွာ၊ ဟိုသက်သေဓာတ်ပုံကိုလည်း ဖျက်ပစ်လိုက်ပြီကွ၊ ရက်ကော်ဒါရှိတဲ့ မင်းကလည်း လိုက်မလာဘူး''

''ဒီ ... ဒီတော့''

''ပြေးမှဖြစ်တော့မှာပေါ့၊ ဟော့ကောင် ... ဦးစိုးအောင် သေနတ်ဆွဲပြီး လိုက်လာပြီကွ''

''ဟေ''

''လာ ... လာ ... ပြေးရအောင်၊ ဟော့ကောင် ထူးမော် ... ကားသော့ကို ငါ့ဆီပေး၊ တော်ကီပွားမနေနဲ့တော့''

''မ ... မသက်ထား ... ခုနက ပြောတာ အမှန်တွေချည်းပဲနော်၊ နောက်မှတွေ့မယ်''

''သြော် ... အရေးထဲ''

''ပြေးဟော့ ... ပြေး''

●



www.burmeseclassic.com

www.burmeseclassic.com

'ဝူး!'

●

'ဝူး!'

■



## Sence-36

"မြန်မြန်မောင်းစမ်းပါ တိုးမောင်ရာ၊ နောက်မှာ မင်းဘောစိ ဦးစိုးအောင် ကားနဲ့ လိုက်လာပြီကွ"

"သေနတ်လည်း ပါသေးတယ်နော်"

"ဟာ"

'ဒုန်း!'

"နောက်နေ့ ဝင်တိုက်တာကွ"

"မောင်းစမ်းပါ ... တိုးမောင်ရာ၊ လောလောဆယ် မိသွားရင် ငါတို့ အသတ်ခံရမှာကွ ... လဒရဲ့"

"အေးပါ ... မောင်းနေတာပဲ"

●



www.burmeseclassic.com

www.burmeseclassic.com



''သံယောဇဉ် ××× သံယောဇဉ် ××× ငါလေ ×××''

''ဩော် ... အရေးထဲ ဖုန်းက ဝင်လာသေးတယ်၊ ဟုတ်ကဲ့ ... ပြောပါ၊ ကျွန်တော် ထူးမော်ပါ၊ ဗျာ ... မမဒေစီလား၊ ဟုတ်ကဲ့ ... သတိရပါတယ်ဗျာ၊ မအားလို့ ဖုန်းမဆက်ဖြစ်တာပါ၊ ခုတောင် ...''

''ဟော့ကောင် ထူးမော် ... သေရေးရှင်ရေးအချိန်မှာ ဖုန်းပြောမနေနဲ့''

''မင်းကလည်း မင်းဘောစိ မမဒေစီနဲ့ ပြောနေတာပါ၊ ခဏလေး ... မမ အားတဲ့တစ်ရက် ဆုံကြရအောင်နော်၊ ဟာ ... တိုးမောင် ... ကားကို ဘယ်ကွေ့လေ၊ ဟာ ... ဟုတ်ကဲ့ ... မမ ... ခဏလေး ... ဖုန်းကိုမချဘဲ ဒီအသံတွေကို ရက်ကော့လုပ်ထား''

''ဟာ''

'ဝုန်း!'

'ဒုန်း!'

''သွားပြီ''

●

''ကဲ ... မောင်ရင်တို့ ... ကားပေါ်ကဆင်းကြပါဦး၊ စာရင်းလေး





ရှင်းလိုက်ကြရအောင်''

''ဟုတ်ကဲ့ပါဗျာ ... ဆင်းပါ့မယ်၊ အဲ ... သေ ... သေနတ်ကြီးနဲ့တော့ မပစ်နဲ့နော်''

''ဟား ... ဟား ... စိုးအောင်ဆိုတဲ့ ငါက ထောင်ထဲဝင်ရအောင် ဘယ်တော့မှ မလုပ်ဘူးကွ၊ သေနတ်ကလည်း လိုင်စင်နဲ့ကိုင်တာ၊ ဒါနဲ့ နေစမ်းပါဦး ... မင်းနိုင်နဲ့ မင်းတို့က ဘယ်လိုပတ်သက်လို့လဲ''

''ပတ်သက်တာပေါ့ဗျ၊ မင်းနိုင်ဆိုတာ ကျွန်တော့်အလုပ်ရှင် ဘောစိလေ''

''ဒါဆိုရင်တော့ အကွက်ဆင်လို့ သိပ်ကောင်းတာပေါ့ကွာ၊ မင်းက မင်းဘောစိအလုပ် ရှင် မင်းနိုင်ကို မကျေနပ်လို့ ဓားနဲ့ထိုးတယ်၊ အဲဒါကို ငါက မြင်လိုက်တော့ မင်းတို့က ငါ့ကို နှုတ်ပိတ်တဲ့သဘောနဲ့ သေနတ်နဲ့ ပစ်တယ်ပေါ့ကွာ ... ဟဲ ဟဲ ... မပိုင်ဘူးလား''

''ခင် ... ခင်ဗျားကြီး မယုတ်မာနဲ့ ... နော်''

''ကြာပါတယ်ကွာ ... ကဲ''

'ဒိုင်း! ...'

''အား''

''ကျွတ်(စ်) ... ကျွတ်(စ်) ... ခုလို ငါ့ပေါင် ငါ သေနတ်နဲ့ ပစ်လိုက်ရင် ပြီးပြီပေါ့ကွ၊ အား ... ရော့ ... သေနတ်ကို မင်းတို့ယူလိုက်''

'ဖတ်!'

''ဟာ''

'ပီပေါ် ... ပီပေါ် ... ပီပေါ်'



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ... ရဲကား ရောက်လာတာဟ”

●

“အားလုံး ... တစ်ယောက်မှမလှုပ်ကြနဲ့နော်”

■



## Sence-37

“အဲဒါပါပဲ ရဲအရာရှိကြီးရာ ... ဒီကောင်တွေထဲက ထူးမော်ဆိုတဲ့ကောင်က သူ့အလုပ်ရှင် မင်းနိုင်ကို ဓားနဲ့ထိုးခဲ့တာဗျ၊ အဲဒါ ကျွန်တော်က မျက်မြင်သက်သေဖြစ်တော့ ကျွန်တော့်ကိုပါ နှုတ်ပိတ်ဖို့ ကြိုးစားတာ၊ တော်သေးတာပေါ့ ပေါင်ကိုပဲ ထိလို့ ... အား ... အီး”

“ဦးစိုးအောင် ... ခင်ဗျား မယုတ်မာနဲ့နော်”

“နေကြစမ်းပါဦး၊ ဒါနဲ့ ... ခင်ဗျားနာမည်က ဦးစိုးအောင်နော်၊ အဲ ... အခင်းဖြစ်တာကိုသိရင် ဘာဖြစ်လို့ ခင်ဗျားက ရဲကို အကြောင်းမကြားခဲ့တာလဲ”

“အမှု ... အမှုတွဲမှာ ပါမှာ ကြောက် ... ကြောက်လို့ပါ ခင်ဗျာ”

“ခင်ဗျားဗျာ ... ဒါနဲ့ ဟိုသုံးယောက်ကရော ဘာပြောသေးလဲ”



www.burmeseclassic.com

www.burmeseclassic.com



''ပြောချင်ပါတယ် ရဲအရာရှိကြီး၊ မင်းနိုင်ကို သူ ဓားနဲ့ထိုးပါတယ်လို့ သက်သေယူလို့ရတဲ့ အသံတွေကို ဒီမှာ ရက်ကော်ဒါနဲ့ ကျွန်တော် အသံဖမ်းထားပါတယ်''

''တိုးမောင်ရာ ... မင်း သိပ်တော်တာပဲ''

''ပေးစမ်း ... အဲဒီ ရက်ကော်ဒါကို''

''ဟုတ်ကဲ့ပါ''

''ကလစ်!''

''ကိုတိုးမောင်ရယ် ... ကျွန်မယောက်ျား ဦးစိုးအောင်က အဲလိုလူကြီးလား၊ ကျွန်မအပေါ် သဝန်တိုမှန်း သိပေမယ့် ဒီလောက်အထိ လူတစ်ယောက်ကို ဓားနဲ့ထိုးမယ်မှန်း မထင်ထားဘူးလေ၊ ကျွန်မလည်း စိတ်ညစ်ပါတယ် ကိုတိုးမောင်ရယ်၊ တကယ်လည်း ဘယ်သူနဲ့မှ မဖောက်ပြန်မိပါဘူး၊ ဦးစိုးအောင်ဆိုတာကလည်း အမေ အတင်းပေးစားလို့ ယူခဲ့ရတာပါ၊ မေတ္တာရှိလို့လည်း မဟုတ်ပါဘူး''

''စာနာပါတယ် မသက်ထားရယ်၊ ဒီလို သက်ကြားအိုကြီးကို ဘယ်သူက လင်လုပ်ချင်မှာလဲ၊ ကျွန်တော့်သဘောကို ပြောရရင်တော့လေ''

'ချောက်!'

''အဲဒီလောက်ဆို ရဲအရာကြီးလည်း သဘောပေါက်မှာပေါ့''

''ဟော့ကောင် တိုးမောင် ... မင်းနဲ့ ငါ့မိန်းမ ပြောတဲ့စကားတွေထဲမှာ ငါ့အသံ တစ်ခုမှမပါဘူးကွ၊ အဲဒါ သက်သေမဟုတ်ဘူး၊ မင်းတို့ တမင် ဖန်တီးထားတာ''

''သြော် ... ဦးစိုးအောင် ... ဦးစိုးအောင် ... ခင်ဗျားက ခင်ဗျား





ကိုယ်တိုင် ဝန်ခံတဲ့စကားကို ကြားချင်တာပေါ့၊ ဟုတ်လား ... ခဏလေးနော် ... ကြားရ စေရမယ်''

''ထူးမော် ... မင်းက ဘာလုပ်မလို့လဲ''

''ဒီမှာလေ ... ခုနက ငါနဲ့ မမဒေစီ ဖုန်းပြောတုန်းက အဲဒီစကားသံတွေကို ရက်ကော့ လုပ်ခိုင်းထားတယ်၊ ရဲအရာရှိကြီး ခဏလေးပါ၊ ကျွန်တော် ဖုန်းတစ်ကောလောက် ခေါ်ပါရစေ''

''လုပ်ကွာ ... မြန်မြန်''

●

''မမဒေစီ ... ကျွန်တော် ထူးမော်ပါ၊ ခုနက အသံတွေကို ရက်ကော့လုပ်လိုက်ရဲ့လား ဟင်''

''မောင်လေးပြောလို့ လုပ်ထားပါတယ်ကွဲ့၊ ဘာတွေဖြစ်ကြတာလဲဟင်၊ မထိတ်သာ မလန့်သာ ရှိလိုက်တာကွယ်''

''တော်သေးတာပေါ့ဗျာ၊ မမ ရက်ကော့လုပ်ထားတဲ့ ဖုန်းကို ယူပြီး ကျွန်တော့်ဆီကို လာခဲ့တော့၊ ဒါမှ ... ကိစ္စက ပြီးမှာ''

''ဟင် ... ဘယ် ... ဘယ်ကိုလာရမှာလဲဟင် မောင်လေးထူးမော်''

''လိပ်စာပြောမယ် ... ... ... ... ... ... ... ... ... ... ... ... ... ... ...''

■



www.burmeseclassic.com

www.burmeseclassic.com

ခြောက်လခန့်ကြာပြီးနောက်

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## Sence-38

"ကျော်ဇင် . . . မင်း ဘယ်ရောက်နေတာလဲကွ၊ ဖုန်းခေါ်နေတာ နှစ်ရက်တောင်ရှိပြီ"

"ဟုတ်လား . . . ငါ ကေသွယ်နဲ့ ဟန်းနီးမွန်း ထွက်နေလို့ပါကွာ၊ မင်းက ဘာကိစ္စရှိလို့ ဆက်တာလဲ"

"ဟား ဟား . . . ငါလည်း ခုပဲ မင်းဘောစိ မမဒေဇီနဲ့ တရားရုံးမှာ လက်မှတ်သွားထိုးမလို့ဟေ့"

"ဟေ . . . အံ့သြစရာကြီးပါလား။ ဘယ်ကနေ ဘယ်လိုဖြစ် . . . ဖြစ်"

"ဟဲ ဟဲ . . . အချစ်စစ်ကြောင့်ပေါ့ကွာ၊ မင်း . . . အဲဒီတော့ ထူး တဲ့ သတင်းကြားချင်ရင် တိုးမောင်ဆီ တစ်ချက်ဖုန်းဆက်လိုက်ကွ"



www.burmeseclassic.com

www.burmeseclassic.com

“အေး ... အေး၊ ထူးမော် ...”



## Sence-39

“တိုးမောင်လား ... ငါ ကျော်ဇင်ပါ၊ ခုနက ထူးမော်နဲ့ ဖုန်းရ... တယ်ကွ၊ ငါလည်း ခရီးထွက်နေတာ၊ ဒါနဲ့ မင်းဆီကို ဖုန်းဆက်ရင် အရ... ထူးဆန်းတဲ့သတင်း ကြားရမယ်လို့ ထူးမော်က ပြောလို့”

“အဟီး ... အမှန်တွေ၊ ဟိုကွာ ... ငါနဲ့သက်ထား မကြာခင်မှာ... ပဲ လက်ထပ်ကြတော့မလို့”

“ဟေ ... သက် ... သက်ထားဆိုတာ မင်းအရင်သောာစီ ဦးစိုး... အောင်ရဲ့မိန်းမ မဟုတ်ဘူးလား”

“သက်ထားက ဦးစိုးအောင် ဓားထိုးမှုနဲ့ ထောင်ကျသွားကတည်း... က ဦးစိုးအောင်နဲ့ ကွာရှင်းလိုက်ပါပြီ၊ သူလည်း လွတ်လပ်သွားပြီဆိုတော့... ...”

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မင်းက ဆွဲစိလိုက်တာပေါ့"

"တကယ်ချစ်လို့ပါကွာ"

"ကောင်းရောကွာ၊ ငါတို့အော်ပရေးရှင်းက မအောင်မြင်ဘဲ . . . နောက်ဆုံးတော့ မိန်းမကိုယ်စီ ရသွားတာပဲ အဖတ်တင်တယ်"

"ဟား ဟား . . . ဘာပဲဖြစ်ဖြစ်ကွာ အဲဒါ ငါတို့ရဲ့ဘောစိအော်ပရေးရှင်း အောင်မြင်တဲ့သဘောပဲပေါ့"

"ဟုတ်ပါပြီကွာ၊ ကဲ . . . လာမယ့်အပတ်ထဲ ငါ ရန်ကုန်ပြန်ရောက်ရင် ဆုံကြရအောင်၊ ဟိုကောင် ထူးမော်ကိုပါ ဖုန်းဆက်ထားလိုက်"

"အေး . . . အေး . . . ဆုံကြမယ်"

■



## Sence-40

"တိုးမောင် . . . ငါတို့ရဲ့ ဘောစိအော်ပရေးရှင်းအတွက် . . ."

"အိုကေ . . . ကျော်ဇင် . . . မင်းတို့ရဲ့ ဟန်းနီးမွန်းအတွက်"

"အဟဲ . . . ငါကတော့ ငါနဲ့ ငါ့မမ ဆေစီတို့အတွက်ပေါ့ကွာ . . . ကဲ"

"ချီးယား(စ်)"

'ခွပ်!'

လေးစားစွာ

မိုးဓါပြင်

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

ည ၂ နာရီ ၁၂ မိနစ်

www.burmeseclassic.com